စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# ရွှေစက်မှုဂျာနယ်

The Golden Industrial Journal

အတွဲ ၆ ၊ အမှတ် ၂၃ ၊ ၂၀၁၃ ခုနှစ် ၊ ဒီဇင်ဘာလ

နှစ်ဟောင်းတစ်ဆယ့်လေးဆိုတဲ့ သက္ကရာဇ်
ကျွန်ုပ်တို့နဲ့ပတ်သက်၊ လိုအပ်ချက်တွေ
မကြုံဖူးအောင်၊ ဂုဏ်ထူးဆောင်ဖို့
နှစ်ဟောင်းတစ်ဆယ့်လေးမှာ
အများအကျိုးဆောင်လို့
ကျွန်ုပ်တို့တွေရှေ့သို့၊ သွားကြရအောင်။




စာမျက်နှာ ၂ သို့ -






(၂၇) ကြိမ်မြောက်
အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်
ရွှေတံဆိပ်ဆုရရှိသည့်
မြန်မာ့အားကစားသမားများအား
ဆုချီးမြှင့်နိုင်ရေးအတွက်
စက်မှုဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့်
ကုမ္ပဏီများမှ မော်တော်ယာဉ် (၈) စီး
လှူဒါန်း စာမျက်နှာ ၃ သို့ -

တစ်ဦးနဲ့တစ်ဦးဆက်ဆံပြောဆိုကြတဲ့ စကားလေးတွေကလည်း အတိုင်းအတာတစ်ခုအထိ အစွမ်းရှိပါတယ်။ ချစ်အောင်လည်းစကားပဲ၊ မုန်းအောင်အပြင်ကပ်အောင်ဖြစ်စေတာလည်း ဒီစကားပဲလို့ ..... စာ ၄ သို့ -



ရတုအဆက်ဆက်
ကမ္ဘာတည်စေ

စာ ၁၇ သို့ -

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
အိတ်ဖွင့်တင်ပါခေါ်ယူ

စာမျက်နှာ ၁၈ သို့ -

# သတင်း

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တရုတ်ညှိအဖွဲ့အား လက်ခံတွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ NORINCO Co., Ltd. မှ General Manager Dr. Ji Ling Guo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာလ ၉ ရက်နေ့ နံနက် ၁၀ နာရီတွင် ဝန်ကြီး၏ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဆောင်ရွက်လျက်ရှိသော Costic Soda Plant အား NORICO Co., Ltd. နှင့်စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။



## နှစ်ထောင့်တစ်ဆယ့်လေး၏ ရှေ့သို့




❖ နှစ်ထောင့်တစ်ဆယ့်သုံးကို၊ အပြုံးနဲ့နှုတ်ဆက်
အနာဂတ်ရှေ့ရေး၊ နှစ်ထောင့်တစ်ဆယ့်လေးမှာ
အနန္တသတ္တဝါတွေ၊ ဘေးကင်းရန်ကွာ
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ။

❖ နှစ်ဟောင်းကအညစ်အကြေး၊ ပြောင်းလဲဖို့အရေး
နှစ်ထောင့်တစ်ဆယ့်လေးရဲ့၊ မိုင်တိုင်ခရီးအတွက်
မရှိမဖြစ်လိုအပ်နေတာ၊ စိတ်ဓာတ်ရေးရာ။

❖ လူသားတွေရဲ့ဘဝသမိုင်း၊ မရှိုင်းရအောင်
ပုံစံဟောင်းထဲမှ၊ အသွင်သဏ္ဌာန်ပြောင်း
အပူဆုံးလူသားအရေး၊ နှစ်ထောင့်တစ်ဆယ့်လေးမှာ
ငြိမ်းအေးမှုပေးဖို့ အရိပ်ကလေးပမာ
အခြေခံလိုအပ်နေတာ၊ စိတ်ဓာတ်ခွန်အားပါ။

❖ စီးပွားရေးစနစ်သစ်နဲ့ ခေတ်သစ်သို့လျှောက်လှမ်း
ပြည်မြန်မာမှာ လူမှုရေးအပါအဝင်
ပင်လယ်ပြင်က၊ ကယ်တင်ရှင်ဝေးနေတဲ့
လှေငယ်ကလေးကို၊ အသက်ကယ်ပေးဖို့
ဆက်သွယ်ရေးကွန်ယက်နဲ့ ထောက်ပံ့ဖေးကူ
ကျွန်ုပ်တို့အတူတူ၊ မေတ္တာတွေပေးလှူကြမယ်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား တရုတ်ညှိအဖွဲ့ လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Changfeng Group Co., Ltd. မှ President Mr. Li Jianxin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာလ ၁၈ ရက်နေ့ နံနက် ၁၁ နာရီတွင် ဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် Changfeng Group Co., Ltd. နှင့်စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။




၂၀၁၃ နှစ်ဟောင်းကုန်၍ ၂၀၁၄ နှစ်သစ်သို့
ကူးပြောင်းဝင်ရောက်တော့မည်ဖြစ်ပါသည်။
နှစ်ဟောင်းနှင့်အတူ အကျင့်ဟောင်းများ စွန့်ပယ်၍
လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များနှင့်အတူ ကျန်းမာချမ်းသာစွာဖြင့်
လောကကို အလှဆင်နိုင်ကြပါစေကြောင်း
ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ရွှေစက်မှု

❖ နှစ်ထောင့်တစ်ဆယ့်လေးဆိုတဲ့ သက္ကရာဇ်
ကျွန်ုပ်တို့နဲ့ပတ်သက်၊ လိုအပ်ချက်တွေ
မကြုံဖူးအောင်၊ ဂုဏ်ထူးဆောင်ဖို့
နှစ်ထောင့်တစ်ဆယ့်လေးမှာ အများအကျိုးဆောင်လို့
ကျွန်ုပ်တို့တွေရှေ့သို့ သွားကြရအောင်။

ကြည်ကိုဦး

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား တရုတ်ညှိအဖွဲ့ လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Glorious Myanmar Renewable Energy Co., Ltd. မှ President Mr. Shimin Chen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာလ ၁၁ ရက်နေ့ နံနက် ၁၁ နာရီခွဲတွင် ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံပြီး Solar Power ထုတ်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကိုဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား HIDA အဖွဲ့လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျပန်နိုင်ငံ၊ The Overseas Human Resources and Industry Development Association (HIDA) မှ President Mr. Kazuo Kaneko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက် ၁၀ နာရီတွင် ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသတင်းရရှိသည်။

# (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မြန်မာ့အားကစားသမားများအား ဆုချီးမြှင့်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကုမ္ပဏီများမှ မော်တော်ယာဉ် (၈) စီးလှူဒါန်း



မျက်နှာဖုံးမှ -

မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ရွှေတံဆိပ်ဆုရရှိသော မြန်မာအားကစားသမားများအား ဆုချီးမြှင့်နိုင်ရေးအတွက် မော်တော်ယာဉ် (၈) စီး လှူဒါန်းခြင်းအခမ်းအနားကို ဒီဇင်ဘာလ ၁၀ ရက်နေ့ နေလယ် ၂ နာရီ တွင် အားကစားရွာ Social Zone ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်ပြီး မော်တော်ယာဉ်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ပြောကြားသည်။

ထို့နောက် Kyaw Enterprise Co., Ltd. မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ MCM PACIFIC PTE LTD မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း မော်တော်ယာဉ်များလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မော်တော်ယာဉ်ဆိုင်ရာ စာရွက်စာတမ်းများအား အားကစားဝန်ကြီးဌာနသို့ပေးအပ်လှူဒါန်းရာ အားကစားဝန်ကြီးဌာနမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

၎င်းနောက် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် မြန်မာအားကစားအသင်းများ အောင်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန၏ ဆက်သွယ်ဆောင်ရွက်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hunan Liebao Motors Co., Ltd. နှင့် Kyaw Enterprise Co., Ltd. တို့မှလှူဒါန်းသည့် မော်တော်ယာဉ် ၁ စီးလျှင် အမေရိကန်ဒေါ်လာ ၁၆,၀၀၀ တန်ဖိုးရှိ Liebao Feiteng (Model Year. 2013) မော်တော်ယာဉ် ၃ စီး ကိုလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CHANGAN International Corporation နှင့် MCM PACIFIC PTE LTD တို့ပူးပေါင်းလှူဒါန်းသည့် မော်တော်ယာဉ် ၁ စီးလျှင် အမေရိကန်ဒေါ်လာ ၅၂၂၀ တန်ဖိုးရှိ Benni Mini (Model Year. 2013) မော်တော်ယာဉ် ၅ စီးကို လည်း ကောင်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၄,၁၀၀ ဖိုးရှိ မော်တော်ယာဉ် ၈စီးကို လှူဒါန်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။





ဆောင်းပါး

# ကာလဒေသနဲ့ နှုတ်ထွက်စကား



အေးဖြူ

နေရာကရုရှားနိုင်ငံ၊ အချိန်က ၁၈၂၅ ခုနှစ် ဇာဘုရင် Nicholas I အုပ်စိုးချိန်၊ ကျန်တဲ့ဥရောပနိုင်ငံများလို တိုးတက်ခေတ်မီချင်တဲ့လူတစ်စုက ပြုပြင်ပြောင်းလဲရေးတောင်းဆိုပြီး ပုန်ကန်တယ်။ ပုန်ကန်သူတွေ ဖမ်းမိတဲ့အထဲ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ Kondraty Ryleyev ကိုကြိုးဒဏ်ပေးတယ်။ ကြိုးပေးမည့်နေ့မှာ ကြိုးစင်နားတစ်ဝိုက် ကြည့်ရှုသူတွေအများအပြား၊ Ryleyev ရဲ့ခေါင်းကို အဝတ်နက်စွပ်၊ ကြိုးကွင်းကိုလည်မှာပတ်ပြီး၊ အောက်ခြေက Trapdoor လျှို့ဝှက်တံခါးဖွင့်ချလိုက်တယ်။ Miracle တစ်ခုပါပဲ။ လည်ပင်းပတ်တဲ့ကြိုးက တစ်နေရာကပြုတ်သွားပြီး၊ Ryleyev ကဟန်ချက်ပျက်လဲကျသွားရုံပဲရှိတယ်။ အံ့သြမှုအပြည့်နဲ့ ကြိုးစားပြန်ထပြီး ပရိသတ်ဘက်ကြည့်ကာ-

**'ဒီမှာကြည့်ပါဦး၊ ရုရှားကတော့ ဘာကိုမှကောင်းကောင်းလုပ်တာမရှိပါလား။ ကြိုးလေးတောင်ခိုင်အောင် မလုပ်တတ်ဘူး'**

အဲဒီအချိန်တုန်းက ကြိုးစင်မှာအကြောင်းကြောင်းကြောင့် မသေသူများကိုလွတ်ငြိမ်းချမ်းသာခွင့် ပေးလေ့ရှိတယ်။ ဇာဘုရင်ကလည်း ဆန္ဒမရှိသော်လည်း Ryleyev အတွက် လွတ်ငြိမ်းချမ်းသာခွင့်ပေးရတော့မယ်။ အမိန့်မှာတမ်းကို လက်မှတ်ထိုးဖို့ဆဲဆဲ သတင်းလာပို့သူကိုမေးလိုက်တယ်။

'မယုံနိုင်တဲ့ ဒီအဖြစ်အပျက်ဖြစ်ပြီး Ryleyev ဘာပြောသေးလဲ'

ကြိုးစင်မှအဖြစ်အပျက်ကို အစအဆုံးသိသူမို့

'ရုရှားတွေ ကြိုးလေးတောင်ကောင်းကောင်း မလုပ်တတ်ဘူးလို့ ပြောသွားပါတယ်'

ဒီမှာတင် အမိန့်စာကိုဆုတ်ဖြဲပြီး-

'ဒါဆိုလဲ သူထင်သလိုမဟုတ်တာ ပြပေးရဦးမှာပေါ့'

Ryleyev ကိုနောက်နေ့မှာ ကြိုးစင်ကိုခေါ်ထုတ်ပြီး ကြိုးပေးတယ်။

ဒီတစ်ခါတော့ ကြိုးကမပြုတ်တော့ဘူးလေ။

ဒီတကယ့်အဖြစ်အပျက် ဇာတ်ကြောင်းလေးကို ကြည့်ရင် ကံကောင်းနေရာကနေ မပြောသင့်တဲ့စကားကြောင့် ကံဆိုးသူပြန်ဖြစ်သွားတာတွေ့ရမယ်။

မြန်မာစာပေမှာ **'ဆိတ်ဆိတ်နေ - ထောင်တန်'၊ 'စကား စကား ပြောပါများ၊ စကားထဲက ဇာတိပြ'၊ 'ကြမ်းကျွံရင်နှုတ်ရ၊ စကားကျွံရင် နှုတ်၍မရ'** ဆိုတဲ့ ဆိုထုံးလေးများ ကြားဖူးကြမယ်။ စကားကိုအလွယ်မပြောဖို့၊ မပြောခင် ပြောသင့် မပြောသင့်ချင့်ချိန်စဉ်းစားပြီး၊ မလိုအပ်ရင်မပြောကြဖို့ သတိပေးနေတဲ့ အဖိုးတန်မှတ်သားဖွယ်များဖြစ်ပါတယ်။

ငယ်စဉ်အတန်းကျောင်းမှာနေခဲ့စဉ် အင်္ဂလိပ်စာဆရာက **'ဆိတ်ဆိတ်နေ ထောင်တန်'** ဆိုတဲ့သဘောနဲ့ ကိုက်ညီတဲ့ အင်္ဂလိပ်စကားပုံအဖြစ် 'Silence is golden' ဆိုတာရယ် 'Even a fish wouldn't get into trouble if he kept his mouth shut' ဆိုတဲ့ စာကြောင်းလေးရယ် ပြောပြပတယ်။ ငါးမျှားတယ်ဆိုတာမမြင်ဖူး၊ မသိဖူးကြတော့ ကျွန်မတို့က နားမလည်ဘူးပေါ့။ ဒီတော့မှ ဆရာက ငါးတွေအစာလာဟပ်အောင် ငါးမျှားစာ 'တီ' လိုမျိုးတွေ ချိတ်မှာ ချိတ်ကြရတဲ့အကြောင်းရှင်းပြပြီး၊ အစာကိုစားဖို့



ပါးစပ်ဟတဲ့ငါးက ငါးမျှားချိတ်မှာမိတယ်။ ပါးစပ်မဖွင့်တဲ့ငါးကတော့ ဒုက္ခမရောက်ဘူးဆိုတာ အဲဒီတော့မှ သဘောပေါက်ကြတယ်။

အဖွဲ့အစည်းရုံးဌာနတွေဆိုတာက လူပေါင်းစုံနောက်ခံအကြောင်းအမျိုးမျိုး လက်ရှိပတ်ဝန်းကျင်အခြေအနေအထွေထွေနဲ့လာပြီး ဆုံစည်းမိကြတာလေ။ လူဆိုတာကလည်း Social Animal လို့တင်စားရလောက်အောင်ပဲ တစ်ဦးတည်းနဲ့နေလို့မရကြတာများတယ်။ ကိုယ့်အိမ်မိသားစုဆွေမျိုးအသိုင်းအဝိုင်းနဲ့နေသလိုပဲ အလုပ်ဌာနများမှာ မိသားစုပုံစံခင်ခင်မင်မင် ရင်းရင်းနှီးနှီးရိုင်းပင်းကူညီ အပြန်အလှန်ပံ့ပိုးထောက်ကူပြုကြမဲ့ ရိပ်မြုံလေးမျိုး ဖန်တီးနိုင်မယ်ဆိုရင် တစ်ဦးချင်းအတွက်ရော အဖွဲ့အစည်းအတွက်ရော အထူးအကျိုးများစေမှာ အမှန်ဖြစ်ပါတယ်။

ဒီလိုမျိုးအခြေအနေဖန်တီးနိုင်ရေးမှာ အရေးကြီးအကြောင်းခံတွေ အများရှိသော်လည်း တစ်ဦးနဲ့တစ်ဦးဆက်ဆံပြောဆိုကြတဲ့ **'စကားလေး'** တွေကလည်း အတိုင်းအတာတစ်ခုအထိ အစွမ်းရှိပါတယ်။ ချစ်အောင်လည်းစကားပဲ၊ မုန်းအောင်အမြင်ကပ်အောင်ဖြစ်စေတာလည်း ဒီ



စကားပဲလို့တောင် ဆိုထားကြတယ်။ အလုပ်လုပ်ကြသူများအတွက် နေ့ ၁၂ နာရီမှာ အလုပ်ဌာနအတွင်း အချိန်ယူတာကပိုများတယ်။ ကြီးသူ၊ ငယ်သူ၊ ရွယ်တူများနဲ့ပြောဆိုလုပ်ကိုင်နေကြတာပါ။ စီးပွား၊ လူမှု၊ ပညာစရိုက်အမျိုးမျိုး အမူအကျင့်အလေ့အထအဖုံဖုံမို့လို့ စကားနည်းသူ၊ စကားများသူ၊ စကားကို ကတ်ဖဲ့ပြောတတ်သူ၊ သူတစ်ပါးအပေါ် တင်စီးပြောတတ်သူစသည်ဖြင့် အမျိုးမျိုးရှိတတ်သလို မလိုအပ်ဘဲ **'ဟောင်ဖွာ ဟောင်ဖွာ'** နဲ့ပြောတတ်ပြီး၊ အရေးရယ်အကြောင်းရယ်ဆို ခွေးအကြီးလှည်းနင်းသလိုမျိုး ဆိုရလောက်အောင် အသုံးမကျသူများလည်း ရှိမှာပဲ။ အသေးအဖွဲ့ကိစ္စလေးတွေနဲ့ အကျယ်အကျယ်ငြင်းခုံပြီး အတိုက်အခံဖြစ်ရတာတွေလည်း တွေ့ရတတ်တယ်။

စေတနာကိုအရင်းခံပြီး **'နှုတ်ချို လျှိုတစ်ပါး'** ချိုသာတဲ့စကားလုံးတွေနဲ့ ဆက်ဆံသွားကြရင် Pleasant work Environment ကို တည်ဆောက်နိုင်ကြပါတယ်။ လိုအပ်တာပဲပြောဖို့ မလိုအပ်တဲ့နေရာမှာ အပိုစကားတွေမဆိုမိဖို့ ထိန်းသိမ်းရပါမယ်။ 'Sarcasm' ဆိုတာမျိုး သူတစ်ပါးကိုထိခိုက်အောင် ရွဲ့စောင်းချိုးဖဲ့ဆိုစကားများကိုတော့ မပြောမိအောင် သတိထားဖို့လိုမယ်။

**'တိတ်တိတ်နေ ထောင်တန်'** ဆိုတာ တစ်နည်းအားဖြင့် Well-timed Silence မျိုးကိုဆိုလိုပါတယ်။ အချိန်အခါကိုလိုက်ပြီး ဆိတ်ဆိတ်နေလိုက်ခြင်းက အခြေအနေတစ်ရပ်အတွက် အကောင်းဆုံးဖြစ်သွားစေပါမယ်။

သို့သော်လည်း အလုပ်တာဝန်ဝတ္တရားဆိုင်ရာ Career နဲ့ဆက်နွယ်လာရင်တော့ ဆိတ်ဆိတ်နေခြင်းက အားနည်းချက်ဖြစ်သွားနိုင်ပါတယ်။ အရှေ့တိုင်းနိုင်ငံများကိုသွားရောက်အလုပ်လုပ်ကြရတဲ့ Western CEOs/ Executives များအနေနဲ့ အပြောအများဆုံး Complaint တစ်ခုက အရှေ့တိုင်းယဉ်ကျေးမှုလိုဖြစ်နေတဲ့ အထက်လူကြီးနဲ့ပတ်သက်ပြီး ရိုသေလေးစားမှုပါ။ ကျွန်မတို့မြန်မာနိုင်ငံမှာလည်း ရှိပါတယ်။ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံအနေနဲ့ ကြီးသူကိုရိုသေကြတာ အစဉ်အလာတစ်ခုပါ။ မိသားစုအတွင်းလည်း မိဘဘိုးဘွား၊ ဆွေမျိုးကြီးသူကို လေးစားတယ်။ ပြောစကားနာခံတယ်။ အစ်ကိုအစ်မများကိုလည်း ဒီအတိုင်းပဲ။ ခုခေတ်မှာတော့ နည်းနည်းရှားသွားပေမဲ့ နေရာနယ်ပယ်အနံ့မှာ ရှိနေပါသေးတယ်။ မိမိအထက်လူကြီးကိုဆန့်ကျင်ပြီး တင်ပြဆွေးနွေးရာမှာ ဝန်လေးတတ်ကြတယ်။ အစည်းအဝေးမှာ မိမိထင်မြင်ယူဆချက်ကို အထက်လူကြီးနဲ့ အခြေအတင်ဆွေးနွေးတင်ပြဖို့ နောက်တွန့်တတ်ကြတယ်။ ဒါကအဖွဲ့အစည်းအတွက် အဓိကအားနည်းချက်လို့ ပြောကြပါတယ်။

ဒါကြောင့် **'ဆိုရေးရှိက ဆိုအပ်လှ၏'** လို့မှတ်ယူပြီး၊ လိုအပ်ရင် မိမိအတွေးအခေါ် အကြံဉာဏ်များကို တိကျမှန်ကန်စွာ အခြေအမြစ်ပြည့်စုံစွာနဲ့ ပြောဆိုတင်ပြတတ်ဖို့ လိုပါမယ်။ Constructive Criticism အပြုသဘောဝေဖန်မှုအနေနဲ့ လိမ္မာပါးနပ်စွာ ပြောတတ်ဆိုတတ်ဖို့ အရေးကြီးပါတယ်။ အပြောင်းအလဲများတဲ့ ခေတ်ကြီးမှာ အချိန်အခါအခြေအနေကိုလိုက်ပြီး စကားအရာအလိမ္မာသုံး၍ ဆိတ်ဆိတ်နေသင့်တဲ့အချိန် စကားပြောသင့်တဲ့အချိန်များကို ချင့်ချိန်ပိုင်းခြားပြီး အောင်မြင်မှုရယူနိုင်ကြပါစေ။

# ကြုံသလေ ဘုံပွေ





ရစ်မြဲ

ဥာနခွဲမှူးမှ ကျွန်တော့်အား သတင်းပို့ရန် ဖုန်းဆက်ခေါ်သဖြင့် စက်ရုံထဲမှ ဥာနခွဲမှူးအား သွားရောက်သတင်းပို့ခဲ့ပါသည်။

'အေးလာ၊ မင်းအဲ့ဒီစားပွဲမှာထိုင်။ အလုပ်ကိုခိုင်းရင် ခိုင်းတဲ့အတိုင်းလုပ်၊ ဆင်ခြေပေးတာ မကြိုက်ဘူး။ ကြားရဲ့လား'

'ဟုတ်ကဲ့၊ ကြားပါတယ်။ ဥာနခွဲမှူး'

နောက်တစ်နေ့တွင်-

'ဟေ့ချာတိတ် ငါဧည့်သည်တွေလာလိမ့်မယ်။ ရော့ ဒီနို့ဆီကို ရေနွေးအိုးထဲ ထည့်လိုက်'

'ဟုတ်ကဲ့ပါ'

ခဏအကြာတွင် ဧည့်သည်များရောက်လာသောအခါ ကော်ဖီကို တစ်ပြိုင်နက်သောက်ကြရင်း-

'ဟာ သူငယ်ချင်း၊ မင်းမှာ ဆီးချိုရောဂါတွေဖြစ်နေလို့ ကော်ဖီကိုပလိန်းသောက်နေတာလား'

'ဟာ မဟုတ်ရပါဘူးကွာ။ ဘာရောဂါမှ မရှိပါဘူး'

'ဟေ့ ချာတိတ်၊ ခုနကပေးလိုက်တဲ့ နို့ဆီဘူးရော'

'ဒီမှာပါ ဥာနခွဲမှူး'

အမလေး အံ့ရော။ နို့ဆီကို မဖောက်ဘဲ အလုံးလိုက်ထည့်ထားပါ၏။

နောက်တစ်နေ့တွင်-

'ဟေ့ ချာတိတ်၊ ဟိုမှာ တွေ့လား။ ရုံးပေါ်မှာ ကိုင်းတွေကျနေတယ်။ ညောင်ပင်လေးမကြီးခင် တစ်ပင်လုံးခုတ်ပစ်လိုက်ကွာ'

'ဥာနခွဲမှူးကလည်း ကျွန်တော့်ကိုညောင်စောင့်နတ်ကိုင်မှာပေါ့'

'မင်းမေ့နေပြီလား။ ငါ့ကို ဆင်ခြေမပေးနဲ့ ဆိုတာ'

'ဟုတ်ကဲ့ပါ။ အရှင်ညောင်စောင့်နတ်မင်း။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ခုတ်ချင်လို့ ခုတ်တာမဟုတ်ပါဘူး'

'ဟေ့ချာတိတ်၊ မခုတ်နဲ့တော့၊ မခုတ်နဲ့တော့'

နေ့ခင်းရောက်သောအခါ-

'ဟေ့ ချာတိတ်၊ ငါဗိုက်ဆာလှပြီ။ ထမင်းအမြန်သွားဝယ်ပေးစမ်းပါကွာ။ ညွှန်ကြားရေးမှူး ခိုင်းထားတာတွေက အခုထိမပြီးသေးဘူး။ ဟောဟိုစက်ဘီးယူသွား'

'ဟုတ်ကဲ့ပါ'

ဥာနခွဲမှူးမှာ ဗိုက်ဆာလှသဖြင့် တပည့်ကျော်လာနိုးနိုးနဲ့ စောင့်မျှော်နေရပါတော့သည်။

ဟော တပည့်ကျော် ချွေးတပြိုက်ပြိုက်နဲ့ ရောက်လာပါ၏။

'ကြာလှချည်လားကွ'

'ဥာနခွဲမှူးကလည်း ကျွန်တော့်မှာ ထမင်းချိုင့်ကတစ်ဘက်၊ စက်ဘီးကိုတစ်ဘက်ကတွန်းရသေးတယ်။ ရုံးကိုရောက်အောင် ကျွန်တော်မနည်းလာနေရတယ်။ စက်ဘီးကလည်း လေးလိုက်တာ'

'ဟေ့ ငါကမြန်စေချင်လို့ စက်ဘီးပေးလိုက်တာလေ'

'ကျွန်တော်မှ စက်ဘီးမစီးတတ်တာ'

'သေလိုက်ပါတော့ကွာ။ မစီးတတ်ရင် မစီးတတ်တဲ့အကြောင်း ပြန်ပြောပါလားကွ'

'ဆရာပဲခိုင်းတဲ့အတိုင်းလုပ်၊ ပြန်မပြောနဲ့ဆို'

'အမလေး ချီပါသားရဲ့၊ ပခန်းသားရဲ့၊ လှတောသားရဲ့'

'ဆရာပြောတာတွေ တစ်ခုမှမဟုတ်ပါဘူး။ ကျွန်တော်က ဒေါ်ဘုမသားပါ'

'ဒီလောက်လေးတဲ့ စက်ဘီး၊ သွား အမဲဆီသွားထည့်'

'ဟုတ်ကဲ့ပါ ဆရာ'

ဆရာခိုင်းလို့သာလုပ်ရမှာ ဘယ်နေရာမှာထည့်ရမှန်းမသိ။ ပြန်လည်းမမေးရဲ။ ဒါ့ကြောင့် စက်ဘီးမျက်နှာပြင်တစ်ခုလုံး အမဲဆီသုတ်ထားလိုက်ပါတော့သည်။

ညနေရုံးလွှတ်ချိန်ဖြစ်သဖြင့် ရုံးနှင့် ဘတ်စ်ကားဂိတ်တစ်လျှောက်လုံး ဝန်ထမ်းများဖြင့် ပြည့်ကျပ်နေပါ၏။ ကျွန်တော့်ရုံးသည် ဂိတ်ကြီးအနီးတောင်ကုန်းပေါ်တွင် ဆောက်ထားသော ရုံးဖြစ်ပါ၏။ ဥာနခွဲမှူးလည်း ညွှန်ကြားရေးမှူးက ဖုန်းဆက်ခေါ်သဖြင့် စက်ဘီးကိုရုံးတောင်စောင်းပေါ်ကနေ တစ်ဟုန်ထိုးစီးဆင်းသွားရာ စိတ်မချကြ၍ နောက်ကနေအမီလိုက်ကြ၏။ တောင်စောင်းအောက်ခြေသို့ ရောက်သောအခါ အမောဆို့၍ အုတ်ခုံဘေးတွင် ခွေခွေလေးထိုင်နေသော ဥာနခွဲမှူးကို တွေ့လိုက်ရင်ပဲ

'ရစ်မြဲ ငါ့ကိုသတ်တာ။ ရစ်မြဲ ငါ့ကိုသတ်တာ'

ဟု အတွင်တွင်ပြောပြီး အကြောင်းစုံရှင်းပြတော့မှ ငိုအားထက် ရယ်အားသန်ရပါတော့သည်။ အကြောင်းမှာ စက်ဘီးကို တစ်စီးလုံးအပြည့် အမဲဆီသုတ်ထားရာမှ ဘရိတ်အုပ်မရဘဲ တစ်ရှိန်ထိုးဆင်းသွားရခြင်းဖြစ်သည်။

ကျွန်တော်လည်း မျက်နှာပူတာကတစ်ကြောင်း၊ စက်မှုသိပ္ပံစာမေးပွဲဖြေရမှာတစ်ကြောင်းမို့ ခွင့်တစ်ပတ်တင်ရပါတော့သည်။ ဥာနခွဲမှူးရှေ့ရောက်ရင်ပဲ-

'မင်း. . . မင်း ဘာဒုက္ခပေးဦးမလို့လဲ'

ကျွန်တော် ခွင့်တစ်ပတ်တင်ချင်လို့ပါ။

'ဘာကိစ္စနဲ့ ခွင့်ယူမှာလဲ'

'မသိပါဘူးဆရာ။ အဖေက ယူခိုင်းလို့ပါ'

'အဖေယူခိုင်းတယ်ဆိုရင်လည်း မင်းအဖေကို သေချာမေးပါလား'

'ကျွန်တော်မမေးရဲဘူး။ အဖေက ဆရာ့လိုပဲ ဒေါသကြီးတာ'

'ဩော် ဒေါသကြီးဦးကွာ'

ဒေါသကြီးဦးဆိုပြီး ကျွန်တော်ခွင့်စာရွက်ကိုဆွဲဆုတ်ပြီး ရုံးအပြင်သို့ ထွက်သွားပါတော့သည်။ ကျွန်တော်လည်း ခွင့်စာရွက်အပြဲများကို တစ်ခုချင်းကောက်ပြီး ကော်နှင့်ပြန်ကပ်ထားလိုက်ပါ၏။ ဥာနခွဲမှူးပြန်ဝင်လာသောအခါ သူ့ထံသွား၍

'ဆရာဒီမှာ'

'ဘာလဲကွ'

'ဆရာက နိုင်ငံတော်ကထုတ်ပေးထားတဲ့ စာရွက်စာတမ်းတွေကို အလွဲသုံးစားလုပ်ပြီး ဆွဲဆုတ်တယ်။ ကျွန်တော် ညွှန်ကြားရေးမှူးနဲ့သွားတိုင်မယ်'

'ဟဲ ဟဲ သွားမတိုင်နဲ့။ ညွှန်ကြားရေးမှူးက အလုပ်တွေများပြီး စိတ်တိုနေတယ်'

'ကဲ သွား သွား။ မင်းကို ခွင့် ၇ ရက်ပေးလိုက်မယ်'

တကယ်တော့ ဆရာနဲ့ ၇ ရက်တောင်ခွဲရမယ်ဆိုပြန်တော့လည်း လွမ်းသလိုလိုဖြစ်မိပါ၏။

ညနေကျောင်းသို့ရောက်လျှင် သူငယ်ချင်း အောင်ထွန်းကပြုံစုသဖြင့် ကျောင်းဆင်း၍ အင်းစိန်မှာရှိတဲ့ ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်စားသောက်ကြပြီး အိမ်အပြန် အိမ်ကို ဘယ်လိုရောက်သွားမှန်းမသိ။ နာရီကြည့်လိုက်တော့ ည ၁၁ နာရီထိုးလို့နေပေပြီ။ တော်သေးတာပေါ့။ တစ်အိမ်လုံး တိတ်ဆိတ်လို့နေပါသည်။ ခြေသံမကြားရအောင် တံခါးနားဆီသို့ဖြည်းဖြည်းသွား၍ တံခါးကိုတွန်းလိုက်ရင်ပဲ တံခါးကို ထောက်ထားသော နှစ်တစ်လက်မတုတ်များက ကျွန်တော့်ရဲ့ခေါင်းပေါ်သို့ အဆက်မပြတ် ဒုတ် ဒုတ် ဒုတ်ဆိုတဲ့ အသံသုံးသံ ကြားလိုက်ရပါတော့သည်။ မျက်လုံးက ကြယ်တွေလတွေထွက်လာပြီး တစ်ဆက်တည်းမှာပင် ကျွန်တော့်ဇနီးရဲ့ ငှက်ဆိုးထိုးသံ ပေါ်လာပါတော့သည်။

'ဩော် ရှင်က အခုမှပြန်လာတယ်။ ဘယ်အချိန်ရှိပြီလဲ'

'တောက် တော်တော်ဦးနှောက်မရှိတဲ့ မိန်းမ။ ကျွတ် ကျွတ် ကျွတ်'

'ဩော် မပြောလိုက်ချင်ဘူး။ တံခါးကို ပြင်ပါပြင်ပါဆိုတော့ နေ့ရွှေ့ညရွှေ့နဲ့။ ဖြစ်တာတောင် နည်းသေးတယ်'

အိမ်ရှေ့အိမ်က ယောက္ခမနိုးလာပြီး

'ဟုတ်တယ်၊ ဟုတ်တယ်။ ဦးနှောက် မရှိလို့ နင်နဲ့ညားတာ။ ဦးနှောက်ရှိမှတော့ ယူတဲ့ယောကျ်ားက အင်ဂျင်နီယာ ညွှန်ကြားရေးမှူးတွေ ဖြစ်နေမှာပေါ့'

'လူပါဗျာ။ လူမှာလည်း အညွှန့်နဲ့ အတက်နဲ့ပါ'

'အေး နင့်ရဲ့အညွှန့်က ငွေးတောက်ရွက်၊ အညွှန့်၊ တမာရွက်အညွှန့်ဟဲ့'

ယောက္ခမလည်း သူ့အိမ်ခန်းပြန်မအိပ်တော့။ သူ့သမီးနဲ့ဝင်အိပ်ပါတော့သည်။ ကျွန်တော်လည်း ခေါင်းကဒဏ်ရာက အနာနဲ့ ကျွန်တော်အိပ်ရာထဲသို့ ထမင်းမစားတော့ဘဲ ဝင်အိပ်လိုက်ရပါတော့သည်။

နောက်နေ့ ကျောင်းတွင်လက်တွေ့လုပ်ရန်သွားခဲ့ရာ အောင်ထွန်းနဲ့တွေ့လိုက်တယ်ဆိုရင်ပဲ ကျွန်တော်ရဲ့ခေါင်းမှ ဘုများကိုကြည့်၍ တဝါးဝါး တဟားဟားနဲ့ရယ်၍-

'ဟေ့ကောင် ဘယ်လိုဖြစ်လာတာလဲကွာ'

'ဘယ်လိုဖြစ်ရမှာလဲ။ မင်းရဲ့မွေးနေ့အတွက် ရရှိခဲ့တဲ့မွေးနေ့ ဒဏ်ချက်တွေပေါ့ကွ'

'အဲ အဲဒါ မင်းရဲ့အားနည်းချက်ပေါ့ကွ။ မိန်းမဆိုတာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ချီးမွမ်းပေးရတယ်ကွ။ ဒါမှ အိမ်ထောင်ရေး အဆင်ပြေမှာ နားလည်

စာမျက်နှာ ၆ သို့ -




အချိန်ကို သင်မည်သို့တန်ဖိုးဖြတ်မည်နည်း။ အထက်တန်းကျောင်းသားဘဝက Assembly ချိန်တိုင်း ကျောင်းအုပ်ဆရာမကြီးပြောလေ့ရှိသော မိန့်ခွန်းတစ်ခုရှိသည်။ ဆရာမကြီးသည် မည်သည့်အကြောင်းအရာကိုပြောပြော နောက်ဆုံးမှာ ထိုမိန့်ခွန်းကို မမေ့မလျော့ထည့်သွင်းပြောကြားပြီးမှ အဆုံးသတ်လေ့ရှိသည်။ ဆရာမကြီးပြောလေ့ရှိသော မိန့်ခွန်းမှာ-

'Time and tides wait for no man'

'အချိန်နှင့်ဒီရေသည် လူကိုမစောင့်' ဟူ၍ပင်။

ပုံမှန်စီးဆင်းနေသော ဒီရေကိုတားဆီး၍ မရနိုင်သလို တရွေ့ရွေ့သွားနေသောအချိန်ကိုလည်း ရပ်တန့်၍မရနိုင်ပေ။ ဘယ်၍ဘယ်မျှ အချိန်တွေကို လူသားများက စောင့်ရသော်လည်း အချိန်က လူသားများကိုမစောင့်ပေ။ သို့ဖြစ်၍ အချိန်ကို အမြဲသတိပြုမိစေရန် 'Time and tides wait for no man' ဟူသော အဆိုအမိန့်ကို ဆရာမကြီးက ကျောင်းသားများ၏ မှတ်ဉာဏ်ထဲတွင် သံမှိုလိုစွဲစေရန် ရိုက်သွင်းပေးခဲ့သည်။

သို့သော် မိုက်မဲလှသောကျွန်ုပ်သည် ဆရာမကြီး၏ဆုံးမစကားကို နားဝင်ခဲ့သော်လည်း မလိုက်နာနိုင်ခဲ့ပေ။ ကျွန်ုပ်သည် အချိန်များစွာကို ဥပေက္ခာပြုခဲ့သည်။ တန်ဖိုးကြီးသောအရာကို တန်ဖိုးမထားတတ်ခဲ့၍ စက္ကန့်၊ မိနစ်မှသည် ရက်၊ လ စား၍ အသက်အရွယ်အားဖြင့် ကြီးလာခဲ့သော်လည်း နာရီ 'အချိန်' အားဖြင့် များစွာငယ်နေသေးသည်။ အသိနှောင်းမှုအတွက် နောင်တရမိသော်လည်း အချိန်နှောင်းသည်ဟု မယူဆပါ။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် ၁၀ ခုတွင် တစ်ခုအပါအဝင်ဖြစ်သော ဟားဗတ်တက္ကသိုလ်၏ ဆုံးမစာအချက် ၂၀ ထဲမှ နံပါတ် ၃ အချက်တွင် 'အချိန်နှောင်းပြီဟု ထင်လိုက်သောအချိန်သည် အစောဆုံးအချိန်ပင်ဖြစ်သည်' ဟုဖော်ပြထား၍ ကျွန်ုပ်အချိန်မနှောင်းသေးဟု ယုံကြည်ပါသည်။ ကျွန်ုပ်ကဲ့သို့အချိန်ကို ဥပေက္ခာပြုမိသူများကိုလည်း အချိန်မနှောင်းစေလိုပါ။

အချိန်တိုင်းသည် တန်ဖိုးရှိလှပေသည်။ အဖိုးမဖြတ်နိုင်သော အချိန်သည် လူသားများဆုံးရှုံးရမှာ အကြောက်ဆုံးဖြစ်သော အသက်နှင့်ထပ်တူတန်ဖိုးရှိ အရေးကြီးလှပေသည်။ မိမိအသက်ကို တန်ဖိုးထားသူများသည် အချိန်ကိုတန်ဖိုးထားတတ်ကြသည်။ စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့ရက်၊ လစသည့်အချိန်တိုလေးများကို စုပေါင်းခြင်းသည် အသက်မည်၏။ ထို့ကြောင့် အသက်ကိုတန်ဖိုးထားသူသည် အချိန်ကို တန်ဖိုးထားရမည်။ Time is money ဖြစ်ပေသည်။ အချိန်တိုင်းတွင် ကုသိုလ်၊ ပညာ၊ ဥစ္စာတစ်မျိုးမျိုးရအောင် ကြံဆောင်သင့်သည်။ ထိုသုံးမျိုးအနက် တစ်မျိုးမျှမရသူသည် အချိန်ဖြုန်းတီးသူဖြစ်သည်။ အချိန်ဖြုန်းတီးသူသည် မိမိအသက်ကို ဖြုန်းတီးသူပင်ဖြစ်သည်။

ဆုံးရှုံးသွားသော ခနဉစ္စာကို ကြိုးစားရှာဖွေခြင်းဖြင့် အစားထိုးနိုင်သည်။ ဗဟုသုတကို လေ့လာဆည်းပူးခြင်းဖြင့်ရနိုင်သည်။ ကျန်းမာရေးကို ဆေးဝါးကုသခြင်းဖြင့်ရနိုင်စေသော်လည်း ဆုံးရှုံးသွားသောအချိန်ကိုမူ ပြန်၍မရနိုင်တော့ပေ။ ကမ္ဘာလောကကြီးတွင်ရှိသော တန်ဖိုးကြီးရတနာများစွာသည် မည်မျှတန်ဖိုးကြီးစေကာမူ ဖန်ဆင်းရှင်လူသားများ၏ လက်ထဲတွင်သာရှိသည်။ လူသားများသည် တီထွင်ဖန်တီးနိုင်သလို ပျောက်ကွယ်သွားစေရန်လည်း ဖျက်ဆီးနိုင်သည်။ သို့သော် ကုန်ဆုံးသွားသောအချိန်ကို ပြန်လည်ရရှိရန်ကား မစွမ်းဆောင်နိုင်ချေ။ အချိန်ကို ရွေးချယ်ခွင့်ရှိသော်လည်း ရပ်တန့်၍မရပေ။ ထို့ကြောင့် အချိန်ကိုမရှုံးနိမ့်စေရန်၊ အချိန်နှင့်တပြေးညီ အောင်မြင်မှုရရှိစေရန် စက္ကန့်၊ မိနစ်လေးများကိုသတိပြုမိဖို့ လိုအပ်ပေသည်။

နှစ်ဆယ့်လေးနာရီဆိုသောအချိန် ကို လူတိုင်းအခမဲ့ရရှိနေသည်။ ထိုအခမဲ့ရသောအချိန်ကို လေးစားတန်ဖိုးထား၍ အသုံးပြုသူသည် အခြားသူများထက် ခေါင်းတစ်လုံး ပိုမြင့်နေမည်မှာမလွဲပေ။ သောမတ်အက်ဒီဆင်သည် နှစ်ဆယ့်လေးနာရီကိုအသုံးပြု၍ အောင်မြင်မှုရရှိခဲ့သလို ရှိတ်စပီးယားသည်လည်း နှစ်ဆယ့်လေးနာရီကို အလေးထား၍အောင်မြင်ကျော်ကြားခဲ့သည်။ အချိန်ကိုပိုင်နိုင်စွာရသူချင်းတူသော်လည်း ကြိုးစားသူနှင့်မကြိုးစားသူ၏ ရလဒ်ခြင်းကတော့ကွာနေမှာပင်ဖြစ်သည်။ အချိန်၏အဆုံးအဖြတ်ဟာ မျက်နှာမလိုက်တတ်ပေ။ ထို့ကြောင့် လူ တိုင်းနှစ်ဆယ့်လေးနာရီဆိုတဲ့ အချိန်ကို ရွှေရောင်တင်၊ ဖြစ်ချင်တာကိုကြိုးစားပြီး အောင်မြင်မှုများကို သိမ်းပိုက်နိုင်ကြပါစေဟု ဆန္ဒပြုရင်း. . .။

**သျှင်လွန်းအိမ်**

**စာမျက်နှာ ၅ မှ -**

ရဲ့လား'

'ဟုတ်ကဲ့ပါခင်ဗျာ။ နားလည်ပါတယ်'

လက်တွေ့သင်ခန်းစာများပြုလုပ်ပြီးတဲ့နောက် အင်းစိန်စက်မှုသိပ္ပံမှ သယ်န်းကျွန်းသို့နေ့ခင်း ၁၂ နာရီထိုးမှ ပြန်ရောက်ခဲ့ပါသည်။ ဗိုက်ဆာလွန်းသဖြင့် ဗိုက်ထဲမှ တကွီကွီ တဂွမ်ဂွမ်နဲ့မြည်လျက်ရှိပါသည်။ ထမင်းစားရန် အုပ်ဆောင်းဖွင့်လိုက်ချိန်တွင် ပူပူနွေးနွေးချက်ထားတဲ့ဟင်းကလည်း ကျွန်တော် အနှစ်နှစ်အလလက တောင့်တခဲ့တဲ့ ပုစွန်တုတ်ဟင်း။ ကျွန်တော်က ဒီနေ့ကတော့ နေ့ထူးနေ့မြတ်ပဲဟေ့။ ဟင်းတွေကလည်းကောင်း၊ ချက်ထားတဲ့လက်ရာကလည်းကောင်း ဆိုပြီး အမျိုးသမီးကြားအောင် ကျယ်ကျယ်လေးပြောလိုက်တယ်ဆိုရင်ပဲ အမျိုးသမီးထံမှအသံက ကျွန်တော်ထင်ထားတဲ့ အသံတွေမဟုတ်ဘဲ ငိုကြီးချက်မနဲ့

'အမလေး အမေတို့ရေ။ လုပ်ကြပါဦး။ ညကသူ့ကိုထိုင်စောင့်ရတာနဲ့ အအေးပတ်ပြီးထမင်းမချက်နိုင်လို့ ညီမလေး က ဒီနေ့တစ်ရက်ပဲ လာချက်ပေးတယ်။ တစ်သက်လုံး ချက်ကျွေးလာတဲ့ဟင်းတော့ တစ်ချက်လေးမှကောင်းကြောင်း မပြောဘူး။ ငံရင်ငံပြန်ပြီ၊ ငရုတ်သီးက စပ်စပ်ပြန်ပြီနဲ့ တစ်နေ့ဆိုတစ်နေ့လေး ချက်ကျွေးတဲ့ ဟင်းကျတော့ကောင်းလှချည်ရဲ့တဲ့။ အရပ်ကတို့ရေ အရပ်ကတို့ရေ'

ကျွန်တော်သည်ကား ဘာမှပြောလို့မရတော့ပါ။ သိကြားဗြဟ္မာနတ်အပေါင်းတို့ ကယ်နိုင်ရင် ကယ်ကြပါခင်ဗျ။ ကယ်ကြပါခင်ဗျလို့ စိတ်ထဲမှကျိတ်၍အော်မိပါတော့သည်။





## အသိမှန်မှ အမှန်သိမယ် (၇)

တစ်နေ့သ၌ ကျွန်ုပ်သည် ဆရာတော် ဦးပညာဝံသအား ဖူးမြော်ရန်နှင့် မေးခွန်းတချို့မေးရန် ကန်ကျောင်းသို့ထွက်လာခဲ့၏။ ကျောင်းသို့ရောက်သော ဆရာတော်အား အခန့်သင့်ပင် ဖူးတွေ့ရလေ၏။

ဆရာတော် ။ လာ ဒကာကြီး။

ကျွန်ုပ် ။ တင်ပါ့ဘုရား။

ဆရာတော်သည် ကျောင်းသားကလေးများအား ထန်းလျက်ခဲနှင့် ငှက်ပျောသီးများယူခိုင်းကာ ကျွန်ုပ်အား ဧည့်ခံခိုင်းလေ၏။

ဆရာတော် ။ စားဦး ဒကာကြီး။ အဖန်ရည်လည်း သောက်။

ကျွန်ုပ် ။ တင်ပါ့ဘုရား။

ကျွန်ုပ်လည်း ငှက်ပျောသီးစားပြီး အဖန်ရည်ငုံ့ကာ သောက်နေလိုက်၏။ ပြီးနောက်-

ကျွန်ုပ် ။ အရှင်ဘုရား သိချင်တာလေးများ မေးခွင့်ပြုပါဘုရား။

ဆရာတော် ။မေးပါ ဒကာကြီး။

ကျွန်ုပ် ။ အချို့သော အိမ်ထောင်သည် အမျိုးသမီးများသည် 'သားကိုသခင် လင်ကိုဘုရား' ဟူသောစကားနှင့်အညီ လင်ယောကျ်ားအားလည်းကောင်း၊ ယောက္ခမတို့အားလည်းကောင်း ရိုသေလေးစားစွာဆက်ဆံခြင်း၊ ယုယကြင်နာမှုရှိခြင်း၊ ယဉ်ကျေးစွာပြောဆိုဆက်ဆံခြင်း၊ အိမ်ထောင်ရေးသာယာအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သိမ်းထုတ်သေချာခြင်းစသော မယားဝတ္တရားများကျေပွန်အောင် နေထိုင်ကြပါတယ်ဘုရား။ ထိုမိန်းမတို့သည် သေလွန်ပြီးနောက် မည်သို့သော အကျိုးခံစားရပါသလဲဘုရား။ နောက်တစ်ခုက အချို့သော အိမ်ထောင်သည် အမျိုးသမီးများသည် လင်ယောကျ်ားအား ချိုသာမှုမရှိ ကြမ်းတမ်းစွာပြောဆိုဆက်ဆံခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ မိမိအလိုရှိမှသာ ချိုသာစွာဆက်ဆံခြင်း၊ အိမ်ထောင်ရေးကို အလေးအနက်မထားခြင်း၊ အရာရာတိုင်းတွင် အနိုင်ယူလိုခြင်း၊ လုံ့လမရှိခြင်း၊ သိမ်းထုတ်သေချာမှုမရှိခြင်းတို့အပြင် မယားဝတ္တရားများလည်း မကျေပွန်ကြပါ။ ထိုမိန်းမများသည် အပြစ်ရှိကြပါသလား။ သေလွန်ပြီးနောက်လည်း ငရဲကျနိုင်ပါသလား။ ထိုကိစ္စတို့နှင့်စပ်လျဉ်း၍ မြတ်စွာဘုရားဟောထားတာကော ရှိပါသလားဘုရား။

ဆရာတော် ။ ဒကာကြီးရဲ့အမေးတွေက ကောင်းပါတယ်။ ဘုရားရှင်ပွင့်ပေါ်လာတာ သတ္တဝါတွေကို ဒါကကုသိုလ်၊ ဒါက အကုသိုလ်။ ဒါက အမှား၊ ဒါက အမှန်။ ဒါက သုစရိုက်၊ ဒါက ဒုစရိုက်ခွဲခြားသိအောင် အကြောင်းအကျိုးပြဟောကြားဖို့၊ သံသရာမှာ ချမ်းသာသုခရကြဖို့၊ ဆင်းရဲကင်းဖို့၊ နောက်ဆုံး သံသရာဝဋ်ဆင်းရဲက လွတ်ကင်းတဲ့နိဗ္ဗာန်အကျိုးငှာ ပြီးပြည့်စုံသောတရားများကို ဘက်စုံကဟောကြားပေးခဲ့တယ်။ ဒကာကြီးရဲ့ မေးခွန်းတွေကို မယား ၇ မျိုးနဲ့ ဦးပဉ္စင်းပြောပြမယ်။

မြတ်စွာဘုရားရှင်ဟာ အနာထပိဏ်သူဌေးကြီးရဲ့ချွေးမဖြစ်သူ သုဇာတာအမျိုးသမီးကို အကြောင်းပြု၍ ဇနီးမယား ၇ မျိုးကို ဟောကြားတော်မူခဲ့တယ်။ သူဌေးကြီးရဲ့ချွေးမသုဇာတာဟာ ယောက္ခမနှစ်ယောက်ကိုလည်း မရိုသေ၊ လင်ယောကျ်ားကိုလည်း ချစ်ခင်မြတ်နိုးမှု၊ ရိုသေမှုမရှိ ကြမ်းတမ်းသောစကားများနှင့်သာ ဆက်ဆံပြောဆိုခဲ့တယ်။ ဒီအခါ မြတ်စွာဘုရားက သုဇာတာကိုခေါ်ပြီး ဇနီးမယား ၇ မျိုးကို ဟောကြားတော်မူတယ်။ ဒကာကြီး သေသေချာချာ နာယူမှတ်သားထားပေါ့။

(၁) သူသတ်နှင့်တူသောမယား

အကြင်ဇနီးမယားသည် အမျက်ဒေါသကြီး၏။ လင်ဖြစ်သူ ရှာဖွေပေးသောစီးပွားဥစ္စာကို မပျက်စီးရအောင် စောင့်ရှောက်လေ့မရှိ။ မိမိလင်ယောကျ်ားမှတစ်ပါးသော ယောကျ်ားတို့၌ တပ်မက်ခြင်းရှိ၏။ မိမိလင်ကို ငွေဖြင့်ဝယ်အပ်သောသူကဲ့သို့ မထီမဲ့မြင်ပြု၏။ အကြောင်းအမျိုးမျိုးတို့ကြောင့် လင်ကိုသတ်ဖို့ရာ (သို့) ပျက်စီးဖို့ရာ အားထုတ်၏။ ထိုဇနီးမယားသည် သူသတ်နှင့်တူသော ဇနီးမယားဖြစ်၏။

(၂) ခိုးသူနှင့်တူသောဇနီးမယား

အကြင်ဇနီးမယားသည် လင်ယောကျ်ားအတတ်ပညာဖြင့် ရှာဖွေ၍ရရှိလာသော ပစ္စည်းဥစ္စာ၊ ကုန်သွယ်၍ရရှိလာသော ပစ္စည်းဥစ္စာ၊ လယ်လုပ်၍ရရှိလာသော ပစ္စည်းဥစ္စာ အနည်းငယ်ကိုဖြစ်စေ၊ အများကိုဖြစ်စေ အပြင်သို့ထုတ်ဆောင်ခိုးယူခြင်းငှာ အလိုရှိ၏။ ထိုဇနီးမယားသည် ခိုးသူနှင့်တူသော ဇနီးမယားဖြစ်၏။

(၃) အရှင်နှင့်တူသောဇနီးမယား

အကြင်ဇနီးမယားသည် အလုပ်အကိုင်လုပ်ဖို့ရန်အလိုမရှိ၊ ပျင်းရိ၏။ အစားလည်းကြီး၏။ စိတ်လည်းကြမ်း၏။ ကိုယ်အမူအရာလည်း ကြမ်း၏။ ကြမ်းတမ်းသောစကားကိုလည်း ပြောဆိုတတ်၏။ လုံ့လဝီရိယရှိသောလင်ကိုလည်း လွှမ်းမိုး၍အနိုင်ကျင့်တတ်၏။ ထိုဇနီးမယားသည် အရှင်နှင့်တူသော ဇနီးမယားဖြစ်၏။

(၄) အမိနှင့်တူသောဇနီးမယား

အကြင်ဇနီးမယားသည် အမိသည်သားကိုအစဉ်စောင့်ရှောက်သကဲ့သို့ လင်ယောကျ်ားကို အခါခပ်သိမ်းအစဉ်သနားကြင်နာ၍ စောင့်ရှောက်၏။ လင်ယောကျ်ားဆည်းပူးရှာဖွေ၍ရရှိလာသော ပစ္စည်းဥစ္စာကိုလည်း မပျက်စီး မဆုံးရှုံးရအောင် အစဉ်မပြတ်စောင့်ရှောက်တတ်၏။ ထိုဇနီးမယားသည် အမိနှင့်တူသော ဇနီးမယားဖြစ်၏။

(၅) အစ်မ၊ နှမနှင့်တူသောဇနီးမယား

အကြင်ဇနီးမယားသည် အစ်မကြီး၊ နှမငယ်တို့သည် မောင်ဖြစ်သူ၌ ရိုသေသကဲ့သို့ ထို့အတူ မိမိ၏လင်ယောကျ်ားဖြစ်သူ၌ ရိုသေ၏။ အရှက်အကြောက်နှင့်ယှဉ်သော စိတ်ရှိ၏။ လင်၏အလိုသို့လိုက်တတ်၏။ ထိုဇနီးမယားသည် အစ်မ၊ နှမနှင့်တူသော ဇနီးမယားဖြစ်၏။

(၆) အဆွေခင်ပွန်းနှင့်တူသော ဇနီးမယား

အကြင်ဇနီးမယားသည် ဤလူ့လောက၌ အဆွေခင်ပွန်းဖြစ်သူသည် အရပ်တစ်ပါး၌ နေထိုင်၍ကြာမြင့်မှ ရောက်ရှိလာသော အဆွေခင်ပွန်းကိုမြင်ရသောအခါ လွန်စွာဝမ်းမြောက်သကဲ့သို့ လင်ယောကျ်ားကိုမြင်ရသောအခါ လွန်စွာဝမ်းမြောက်၏။ အမျိုးအနွယ်နှင့်ပြည့်စုံ၏။ အကျင့်သီလရှိ၏။ လင်ယောကျ်ား၌ ရိုသေစွာကျင့်တတ်၏။ ထိုဇနီးမယားသည် အဆွေခင်ပွန်းနှင့်တူသော ဇနီးမယားဖြစ်၏။



(၇) ကျွန်မနှင့်တူသောဇနီးမယား

အကြင်ဇနီးမယားသည် လင်ယောကျ်ားကတုတ်ကိုကိုင်၍ သတ်ပုတ်မည်ဟု ခြိမ်းခြောက်အပ်သော်လည်း ထိတ်လန့်ခြင်းမရှိ၊ ဒေါသဖြင့် ပြစ်မှားလိုသောစိတ်မရှိ။ လင်ယောကျ်ားကို သည်းခံ၏။ အမျက်ထွက်ခြင်းလည်း မရှိ၏။ လင်ယောကျ်ားအလိုသို့လိုက်တတ်၏။ ထိုဇနီးမယားသည် ကျွန်မနှင့်တူသော ဇနီးမယားဖြစ်၏။

သူသတ်နှင့်တူသော၊ ခိုးသူနှင့်တူသော၊ အရှင်နှင့်တူသော ထိုဇနီးမယားတို့သည် သီလမရှိကြကုန်။ လင်ယောကျ်ားကို ရိုသေခြင်းမရှိကြကုန်။ ကြမ်းကြုတ်သောသဘောရှိကြကုန်၏။ ထိုသုံးယောက်သော ဇနီးမယားတို့သည် ခန္ဓာပျက်၍ သေပြီးသည်မှနောက်ကာလ၌ အပါယ်ငရဲသို့ ကျရောက်ကြကုန်၏။

အမိနှင့်တူသော အစ်မ၊ နှမနှင့်တူသော၊ အဆွေခင်ပွန်းနှင့်တူသော၊ ကျွန်မနှင့်တူသော ထိုလေးယောက်သောဇနီးမယားတို့သည် ခန္ဓာပျက်၍သေပြီးသည်မှ

စာမျက်နှာ ၈ သို့ -

# အပူပေး၍ တွယ်ဆက်အားကောင်းမွန်စေခြင်းနည်းစဉ် (Sintering Process)

အပူပေး၍ တွယ်ဆက်အားကောင်းမွန်စေခြင်း နည်းစဉ် (Sintering Process) သည် ဖက်စပ်ပါဝင်ကြသော အမြင့်ဆုံးပျော်မှတ်အပူချိန်၏အောက်တွင်သာ လုပ်ငန်းဆောင်ရွက်လေ့ရှိကြသည်။ သို့ရာတွင် အချို့သောဖြစ်စဉ်များ၌ အပူချိန်အမြင့်လိုအပ်ကြသည်။ အကြောင်းမှာ ဖက်စပ်ပါဝင်နိုင်သော အရည်ပုံစံ (Liquid Form) ဖြစ်အောင် ပြုလုပ်ရသောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် Cemented Carbide ထုတ်လုပ်ရာတွင် ပေါင်းစပ်ပါဝင်မည့် သတ္တုတို့၏ အရည်ပျော်မှတ်အထက် အပူချိန်ကိုအသုံးပြုရပါသည်။ အချို့အချို့သော ဖြစ်စဉ်များတွင် ပါဝင်ကြသောမည်သည့်ပစ္စည်းကိုမှ ပျော်ကျသွားအောင်ပြုလုပ်ရန်မလိုအပ်ဘဲ လုပ်ငန်းဆောင်ရွက်ရသည်။

လုပ်ငန်းဆောင်ရွက်ရာတွင် လျှပ်စစ်ခုခံအားသုံးမီးဖိုပုံစံ (electric-resistance type) (သို့) ဓာတ်ငွေ့ (သို့) မီးထိုးဆီသုံးမီးဖိုပုံစံကို အသုံးပြုနိုင်ပါသည်။ နောက်ဆုံးရရှိလာရမည့် အတိုင်းအတာကွဲပြားမှု အနည်းဆုံးဖြစ်စေရန်အတွက် အပူချိန်ကိုလိုအပ်သလို ထိန်းသိမ်းနိုင်ရပါမည်။ ဤလုပ်ငန်းဆောင်ရွက်ရာတွင် အပူချိန်ကိုအတိအကျနှင့် တစ်သမတ်တည်းပေးနိုင်သော လျှပ်စစ်ဓာတ်အားသုံးမီးဖိုကို ရွေးချယ်အသုံးပြုနိုင်ပါက ပိုမိုသင့်လျော်ပါသည်။

အမှုန်များတစ်ခုနှင့်တစ်ခုစည်းနှောင်ရာတွင် မျက်နှာပြင်အလွှာပါးဖြစ်ပေါ်မှု (surface film) သည် သက်ရောက်မှုကြီးမားသည်။ Oxide ကဲ့သို့သော မသင့်လျော်သည့် မျက်နှာပြင်လွှာပါးဖြစ်ပေါ်မှုမျိုးမရှိအောင် ဆောင်ရွက်ရပါမည်။ ဤသို့လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်ရာတွင် အကာအကွယ်ဖြစ်သော လေထုဖိအားကို ထိန်းသိမ်းခြင်းဖြင့် ဆောင်ရွက်နိုင်ပါသည်။ လေထုဖိအားကိုထိန်းသိမ်းခြင်းကြောင့် နောက်ထပ်ရရှိလာသည့် အကျိုးမှာ သတ္တုအမှုန့်များအား နှံ့စပ်သေချာစွာမရောစပ်မိဖြစ်ပေါ်လာနိုင်သည့် အလွှာပါးများကို လျော့ကျစေခြင်းဖြစ်ပါသည်။ အကာအကွယ်အဖြစ် အသုံးပြုထားသောလေထုဖိအားသည် မည်သည့် Free Oxygen ကို မှပါဝင်ခွင့်မပြုသည့်အပြင် တွယ်ဆက်မှုအားကောင်းအောင် စည်းနှောင်မှုပြုရာ၌ ဓာတ်ပျယ်စေခြင်း (neutral) (သို့) ဓာတ်လျှော့စေခြင်း (reducing) ကို ဖြစ်ပေါ်စေပါသည်။ ခံနိုင်ရည်အားကောင်းမွန်သော ကာဗိုဒ် (carbide) များနှင့် လျှပ်စစ်နှင့်သက်ဆိုင်သော ထိတွေ့မှုများအတွက် တွယ်ဆက်အားကောင်းမွန်အောင် လုပ်ငန်းဆောင်ရွက်ရာတွင် ခြောက်သွေ့သောဟိုက်ဒရိုဂျင် လေထုဖိအားကိုအသုံးပြုကြသည်။ သို့ရာတွင် အများစုသောစျေးကွက်ဝင်လေထုဖိအားသုံး တွယ်ဆက်မှုအားကောင်းစေရန်ပြုလုပ်သော လုပ်ငန်းများအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် အမျိုးမျိုးသော Hydrocarbon များကို တစ်ပိုင်းတစ်စ လောင်ကျွမ်းစေခြင်းအားဖြင့် ပြုလုပ်နိုင်သည်။ ဤနည်းအားဖြင့် Propane (သို့) Natural Gas ကိုအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နိုင်ပါသည်။

အစိုင်အခဲအသွင်ဖြင့်အပူပေး၍ တွယ်ဆက်မှုအားကောင်းအောင် စည်းနှောင်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် အက်တမ် (atom) များ၏အားသည် မရှိမဖြစ် လိုအပ်သည်။ အပူချိန်ကို မြှင့်တင်လိုက်သောအခါ တွယ်ဆက်မှုဖြစ်စဉ်အား (sintering forces) များကို လျော့ကျစေသည်။ သို့ရာတွင် အပူပေး၍တွယ်ဆက်မှုအားကောင်းစေခြင်းဖြစ်စဉ်ကို တိုးတက်ဖြစ်ပေါ်အောင် လှုံ့ဆော်စေသည်။ (ဥပမာ။ မျက်နှာပြင်တစ်ဝက်တစ်ပျက်ထိတွေ့မှုဖြစ်စဉ်၊ မျက်နှာပြင်၌ လွှာပါးများဖြစ်ပေါ်သည့်ဖြစ်စဉ်နှင့် ပလပ်စတစ်စွမ်းရည် (lack of plasticty) ကင်းမဲ့စေခြင်းဖြစ်စဉ်များ လျော့ကျစေခြင်းများကြောင့် လုပ်ငန်းကိုတိုးတက်စေပါသည်)။ ထို့ကြောင့် အပူပေး၍တွယ်ဆက်မှုအားကောင်းအောင်ပြုလုပ်ရာတွင် အပူချိန်အမြင့်သုံးခြင်းသည် ပို၍သင့်တော်ပါသည်။ အချိန်ကြာကြာအပူပေးခြင်းနှင့် အပူချိန်မြင့်မြင့်အသုံးပြုခြင်းသည် အမှုန်များ (particles) ကြား စည်းနှောင်မှုအားကောင်းစေသကဲ့သို့ tensile strength ပေါ်တွင် ကြီးမားစွာသက်ရောက်စေပါသည်။

အပူပေး၍ တွယ်ဆက်မှုအားကောင်းအောင်ပြုလုပ်သော လုပ်ငန်းစဉ်သည် ဝတ္ထုပစ္စည်းကို အပူတိုက်လိုက်ကတည်းက စတင်ဖြစ်ပေါ်သည်။ စည်းနှောင်ခြင်းဖြစ်စဉ်သည် သတ္တုအက်တမ်များစိမ့်ဝင်ပျံ့နှံ့မှုကြောင့် ဖြစ်ပေါ်လာကြသည်။ ဖြစ်စဉ်အရ အနီးစပ်ဆုံးမျက်နှာခြင်းဆိုင်အမှုန် (adjacent particle) များ၏ အနားသတ်များထိစပ်ကြသည်။ ထိုမှတစ်ဆင့် ဆက်လက်ကြီးထွားလာရာ အမှုန်၏ဝတ်ဆံအနားသတ် (grain boundary) များဖြစ်ပေါ်လာကြသည်။ ဤအခြေအနေတွင် အပူချိန်အမြင့်၌ထားရှိပြီးသောအခါ ခံနိုင်ရည်စွမ်းအား (strength) နှင့် အမာဂုဏ်သတ္တိ (hardness) ကို တိုးတက်လာစေပါသည်။ နောက်ထပ်တစ်ဆင့်တွင် necks ဟုခေါ်သော စည်းနှောင်မှုဧရိယာ (bond area) အရွယ်အစား ကြီးထွားလာကြသည်။ ဤအခြေအနေတွင် လုံးဝန်းသောအပေါက်ပုံ (pore rounding) သဏ္ဍာန် ဖြစ်ပေါ်လာသည်။ ဤဖြစ်စဉ်ကို အောက်ပါပုံတွင် လေ့လာကြည့်ရှုနိုင်ပါသည်-





Fig: Schematic illustration of three sphere sintering model: (a) original point contacts (b) and (c) neck growth (d) pore rounding. (From J.S Hirschhorn, introduction to powder Metallurgy Institute, New York, 1967.)

နောက်ဆုံးအဆင့်တွင် အပေါက် (pore) သည် တဖြည်းဖြည်းရှုံ့ဝင်သွားရာမှ ပျောက်ကွယ်သွားပါသည်။ ဤအခြေအနေသည် ထူးဆန်းသောပြီးဆုံးခြင်းအခြေအနေဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းစဉ်ပြီးဆုံးရန်အတွက် သတ်မှတ်အချိန်အတိုင်းအတာနှင့် အပူချိန်တို့သည် အမှုန်တကယ်လိုအပ်မှုရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။

**ကိုစ (သတ္တုဗေဒ)**

**စာမျက်နှာ ၇ မှ -**

နောက်ကာလ၌ နတ်ပြည်သို့ရောက်ကြကုန်၏ဟု မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါတယ်၊ ဒကာကြီး။

မြတ်စွာဘုရားက ဆက်လက်၍ 'သုဇာတာ ဤဇနီးမယား ၇ မျိုးတို့တွင် သင်သည် အဘယ်ဇနီးမယားမျိုးဖြစ်သနည်း' ဟုမေးတော်မူတယ်။ ဒီအခါ သုဇာတာက 'တပည့်တော်မကို ဤနေ့မှအစပြု၍ လင်ယောက်ျား၏ကျွန်မနှင့်တူသော ဇနီးမယားဟူ၍ မှတ်တော်မူပါဘုရား' ဟုလျှောက်ထားလေတယ် ဒကာကြီး။ ကဲ ဒီလောက်ဆို ဒကာကြီးရဲ့မေးခွန်းတွေလည်း ဖြေပြီးသားဖြစ်သွားပြီပေါ့။

ကျွန်ုပ် ။ တင်ပါ့ဘုရား။ ရှင်းပါပြီဘုရား။

ဆရာတော် ။ ဒကာကြီး လူ့အောင်လောကမှာ လူ့ကျင့်ဝတ်၊ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ သခင်ကျင့်ဝတ်၊ ကျွန်ကျင့်ဝတ်၊ မိဘကျင့်ဝတ် အသီးသီးကိုယ့်ကျင့်ဝတ်ကိုယ် ကျေပွန်မှ သာယာချမ်းမြေ့တဲ့ဘဝတွေကို ပိုင်ဆိုင်ကြရမယ် ဒကာကြီး။ သေပြီးနောက်လည်း သုဂတိဘုံမှာ ခံစားကြရမယ်။

ကျွန်ုပ် ။ တင်ပါ့ မှတ်သားလိုက်နာပါ့မယ်ဘုရား။

ဆရာတော် ။ သာဓု သာဓု သာဓု။

ကျွန်ုပ် ။ အရှင်ဘုရားလည်း နားချိန်သင့်ပြီမို့ တပည့်တော်ကို ပြန်ခွင့်ပြုပါဘုရား။

ဆရာတော် ။ ကောင်းပါပြီ ဒကာကြီး။

ကျွန်ုပ်လည်း စိတ်နှလုံးချမ်းမြေ့စွာဖြင့် ပြန်ခဲ့လေတော့သတည်း။

**မောင်ဉာဏ် (ရုံးချုပ်)**



# ဆီးချိုရောဂါနှင့် သိကောင်းစရာခြေထောက်အနာ



ယနေ့ကာလတွင် ခေတ်စားနေသော ရောဂါမှာ ဆီးချိုရောဂါဖြစ်ပါသည်။ ဆီးချိုရောဂါသည် ယခုချက်ချင်းထဖြစ်၊ ယခုအန္တရာယ်ပေးတတ်သည့် ရောဂါမျိုးမဟုတ်ပေ။ ခန္ဓာကိုယ်တွင်း၌ အချိန်ယူခိုအောင်းနေပြီးမှ နောက်ဆက်တွဲဆိုးကျိုးပေါင်းများစွာဖြင့် အသက်အန္တရာယ်ရှာတတ်သည်ထိ ဒုက္ခပေးတတ်သော ရောဂါဖြစ်ပါသည်။ ထို့ကြောင့် ဆီးချိုရောဂါရှိ မရှိကိုဆရာဝန်နှင့်တိုင်ပင်ပြီး စစ်ဆေးသင့်ပါသည်။ အကယ်၍သာ စောစီးစွာသိရလျှင် ဆီးချို၏နောက်ဆက်တွဲဆိုးကျိုးကို ကာကွယ်၍ရနိုင်ပေသည်။

ဆီးချိုရောဂါသည်တို့တွင် အနာတစ်ခုဖြစ်ပြီဆိုလျှင် လွယ်လွယ်ကူကူပျောက်ကင်းရန် ခက်ခဲလှပါသည်။ အနာဖြစ်ရခြင်းအကြောင်းအရင်းမှာ တစ်မျိုးတည်းကြောင့်မဟုတ်ဘဲ အကြောင်းဆုံ၍ဖြစ်ရတတ်ပါသည်။ ဆီးချိုရောဂါကြောင့် အာရုံကြောများ အားနည်းနေတတ်ခြင်း၊ သွေးကြောနံရံများတွင် အဆီပိတ်ခြင်း၊ သွေးခဲပိတ်ဆို့ခြင်းကြောင့် သွေးစီးဆင်းမှုပြတ်တောက်ခြင်းနှင့် ကူးစက်ရောဂါပိုးတို့ ဝင်ရောက်ခြင်းဟူ၍ အချက်သုံးမျိုးဆုံလျှင် ခြေထောက်ထိပ် ခြေချောင်းလေးများတွင် ဒဏ်ရာအနာတို့ ဖြစ်နိုင်ချေများလာတော့သည်။ ဒဏ်ရာကလေးတစ်ခုရပြီဆိုလျှင် နာကျင်မှုမရှိသဖြင့် ဂရုမစိုက်ဘဲမနေသင့်ပေ။ သွေးထဲတွင် သကြားဓာတ်များနေသဖြင့် တစ်ရှူးအသားစိုင်ထဲတွင် သကြားဓာတ်များစုနေပေမည်။ ထိုအခါ ဂရုမမူမိသဖြင့် ရောဂါပိုးတို့သည် ရေငတ်တုန်း ရေတွင်းထဲကျဆိုသလို ပွားများလာကာ အနာပြည်တည်ပါတော့သည်။ သွေးစီးဆင်းမှုကလည်း အားလျော့နေသဖြင့် ဒဏ်ရာအနာဖြစ်ရာနေရာသို့ လုံလောက်အောင်မရောက်နိုင်ပေ။ သို့ဖြင့် ခြေထောက်မှအနာသည် တဖြည်းဖြည်းပုပ်ပြီး အနံ့နံလာသည်ထိဖြစ်ရပါသည်။ အချို့တွင်မူ ရောဂါပိုးမဝင်ဘဲ သွေးကြောပိတ်ကာ ခြေချောင်းများ မည်းခြောက်သွားတတ်ပါသည်။ အချိန်စောသူများ ဆေးသောက်၊ အနာခွဲစိတ်ရုံဖြင့် ပြန်လည်ပျောက်ကင်းသွားသော်လည်း အချိန်နောက်ကျသူများအဖို့ ခြေထောက်ဖြတ်ရသည်အထိ ရင်ဆိုင်ကြုံတွေ့ကြရပေသည်။ နောက်ဆက်တွဲအဖြစ် လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့်အရေးသုံးပါးစလုံးထိခိုက်ဆုံးရှုံးရပေမည်။

ဆီးချိုရောဂါရှင်များအနေဖြင့် စားသောက်နေထိုင်မှုများကို အသိ၊သတိနှင့်ဆင်ခြင်၍ အစာအာဟာရများအား ချင့်ချိန်တွက်ချက်စားသောက်ခြင်း၊ ဆီးချိုရောဂါပျောက်ဆေးများ ပုံမှန်သောက်သုံးခြင်း၊ အင်ဆူလင်ထိုးဆေးပုံမှန်ထိုးခြင်း စသည်တို့ဖြင့် သွေးထဲရှိသကြားဓာတ်ကို လျော့ချပေးနိုင်ရန် အထူးလိုအပ်ပါသည်။ ဤသို့မဟုတ်ပါက သွေးထဲတွင်ပိုနေသော သကြားဓာတ်ကြောင့် ဒဏ်ရာအနာသည် ပို၍ဆိုးလာပေမည်။ သွေးချိုနှုန်းကို ထိန်းသိမ်းနိုင်သည်နှင့်အမျှ အနာကျက်နှုန်းလည်း မြန်ဆန်မည်ဖြစ်ပါသည်။ ဆီးချိုရောဂါရှင်တစ်ယောက်အဖို့ မိမိ၏ခြေထောက်ကို ဂရုစိုက်ပြုစုရေးမှာ အလွန်အရေးကြီးလှပေသည်။ အနာမဖြစ်မီ အောက်ပါတို့ကို နေ့စဉ်ပြုလုပ်သင့်ပါသည်-

၁။ နေ့စဉ်ခြေထောက်ကို သန့်ရှင်းအောင်ဆပ်ပြာဖြင့်ဆေးကြောပါ။ ရေနွေးဖြင့်ဆေးကြောခြင်း လုံးဝရှောင်ကြဉ်ပါ။ ရေကိုပြောင်စင်အောင် ခပ်ဖွဖွသုတ်ပေးပါ။ ခြေချောင်းကလေးများ အတွင်းပိုင်းသို့ခြောက်သွေ့ပါစေ။

၂။ ခြောက်သွေ့လျှင် အရေပြားလိမ်း 'လိုးရှင်း' (Lotion) ကိုသုံးပေးပါ။

၃။ ခြေသည်းများကို အမြဲတမ်းသန့်ရှင်းအောင်ထားပါ။ ခြေသည်း၊ လက်သည်း ပုံမှန်ညှပ်ပါ။ သတိထားပြီးပြုလုပ်ပါ။ ထိခိုက်မှုမရှိစေရန် ဂရုစိုက်ပေးပါ။

၄။ မိမိခြေထောက်နှင့် မတော်သောဖိနပ်များကိုလုံးဝမစီးသင့်ပါ။ ဖိနပ်မပါဘဲ မြေပြင်တွင် လမ်းလျှောက်ခြင်းကို ရှောင်ကြဉ်ပါ။ ခြေထောက်ရှိ ငါးမျက်စိ၊ အသားမာ၊ အခြားအနာများကို မိမိကိုယ်တိုင် မကုသဘဲ ဆရာဝန်နှင့်တိုင်ပင်ကုသပါ။

၅။ နေ့လည်ပိုင်းတွင် ခြေထောက်ကို အနားပေးထားတိုင်းဖိနပ်ချွတ်ထားပါ။ ဖိနပ်အသစ်တစ်ရံကိုစ၍စီးတိုင်း နှစ်နာရီထက်ပို၍စီးပါက ခြေထောက်အသားအရေများ နီရဲလာပြီး အနာဖြစ်တတ်ပါသည်။

၆။ ဖိနပ်ရွေးချယ်ရာတွင် ပျော့သောသားရေဖိနပ်ကိုသာ ရွေးချယ်၍စီးသင့်ပါသည်။ ပလပ်စတစ်ဖိနပ်၊ သစ်သားခုံဖိနပ် စသည်တို့သည် ခန္ဓာကိုယ်အလေးချိန်အလိုက် ဖိအားကို နည်းစေခြင်းမရှိသဖြင့် အနာပို၍ဖြစ်တတ်ပါသည်။

၇။ ဆီးချိုရောဂါရှင်သည် မိမိခြေထောက်၏ နာကျင်မှုကို သိ-မသိ၊ အနာရှိ-မရှိ နေ့စဉ် မိမိဘာသာဆန်းစစ်ကြည့်ရပေမည်။

အကယ်၍အနာဖြစ်နေပါက ဆရာဝန်ညွှန်ကြားပေးသော ဆီးချိုရောဂါပျောက်ဆေးများ၊ နေထိုင်စားသောက်မှုများ၊ စီစဉ်ပေးသောဖိနပ်များ စသည့်တို့ကို အတိအကျလိုက်နာသုံးစွဲရပါမည်။ အရေးမကြီးပါဟု မေ့ထားတတ်ကြသော အနာကလေးတစ်ခုမှသည် အမှိုက်ကစ၊ ပြာသာဒ်မီးလောင်ဆိုသလို ခြေထောက်ဖြတ်ရသည်အထိ ဆိုးကျိုးဒုက္ခများ မကြုံတွေ့ကြစေရန် ဆီးချိုရောဂါရှင်များအား စေတနာမှန်ဖြင့် ရေးသားဖော်ပြခြင်းဖြစ်ပါသည်။ ရောဂါဘယဘေးမှ ကင်းဝေးနိုင်ကြပါစေကြောင်း။

Ref; (1) Diabetes Mellitus, Theory and practice by Rifkin & porte 4th Edition.

(2) Understanding your Diabetes by Pfizer Lab.

(3) Diabetic Foot, Diabelographia journal.

**ဖန်ခါးမြေ**
**ရွှေဆင်မင်း**



# ရေကမ္ဘာ



ကမ္ဘာပေါ်၌ ၇၀% ခန့် ထုထည်အကြီးမားဆုံး နေရာယူထားသောအရာမှာ ရေအသက်တစ်မနက်ဆိုသည့်အတိုင်း မနုဿလူသားများ အသက်ရှင်သန်ရေးအတွက် အလွန့်အလွန်ကျေးဇူးကြီးမားလှသော မရှိမဖြစ်အရေးကြီးသောရေပင်ဖြစ်ပါသည်။ ကမ္ဘာမြေပြင်၏ ၇၀% သည် ရေဖြစ်နေသောကြောင့် ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးကို ရေကမ္ဘာဂြိုလ် (Water Planet) ဟု ခေါ်ဆိုကြခြင်းဖြစ်ပါသည်။ ထို့အပြင် အာကာသယာဉ်ပေါ်မှ မြင်ရသော ကမ္ဘာကြီး၏ပုံရိပ်မှာ ပင်လယ်သမုဒ္ဒရာများနှင့် အပြာရောင်လွှမ်းနေသောကြောင့် ကြည်ပြာရောင်ဂြိုလ် (Blue Planet) ဟုလည်း ခေါ်ကြပါသေးသည်။ လူသားတို့၏ လေ့လာစူးစမ်းမှုအရ အဖိုးတန်သယံဇာတများ၊ အံ့သြဖွယ်ကောင်းလောက်သောအရာများ၊ သက်ရှိသက်မဲ့အမျိုးမျိုးတို့ ကျင်လည်ကျက်စားနေထိုင်ကြသော ရေကမ္ဘာအကြောင်းကို သိလာကြပါသည်။ ထိုရေသည် အလွန်ကျယ်ပြောနက်ရှိုင်းသော သမုဒ္ဒရာများစွာကိုလည်း ပိုင်ဆိုင်ပါသည်။ သမုဒ္ဒရာများသာ မရှိလျှင် လူသားတို့နေထိုင်သောမြေကမ္ဘာသည် မားစ် ခေါ် အင်္ဂါဂြိုလ်ကဲ့သို့ သက်ရှိများနေထိုင်အသက်ရှင်နိုင်မှာ မဟုတ်သည့်အပြင် မြေပြင်မှပေါက်သော သစ်ပင်သစ်တောများလည်း မရှိနိုင်ပါ။ ဤကမ္ဘာကြီးတွင် ရေရှိခြင်းကြောင့်သာ သက်ရှိများရှိနေကြခြင်းဖြစ်ပါသည်။

ရေကမ္ဘာသည် လူသားတို့နေထိုင်သော မြေကမ္ဘာထက် သာလွန်များပြားသော အချက်များစွာရှိသည်။ မြေကမ္ဘာပေါ်တွင် မီးတောင်စုစုပေါင်း သောင်းကျော်သာရှိသော်လည်း ရေကမ္ဘာထဲတွင် မီးတောင် သန်းပေါင်းများစွာရှိပါသည်။ မြေကမ္ဘာပေါ်တွင်ရှိသော အမြင့်ဆုံးတောင်ထိပ်ဖြစ်သည့် ဧဝရက်တောင်ထိပ်သည် ၂၉,၀၃၅ ပေမြင့်သော်လည်း ရေကမ္ဘာထဲတွင်ရှိသော အနက်ရှိုင်းဆုံးချောက်ကြီးဖြစ်သည့် မာရီယာနာချောက်မှာ ၃၅,၉၄၄ ပေရှိပါသည်။ မြေကမ္ဘာပေါ်တွင် သက်ရှိများသည် လွန်ခဲ့သောနှစ်ပေါင်းသုံးထောင်ကစပြီး ပင်လယ်သမုဒ္ဒရာထဲမှ စတင်ဖြစ်ပေါ်ခဲ့သည်ဟု လူများကယူဆကြပါသည်။ ထိုသမုဒ္ဒရာထဲတွင်ရှိသော လူသားများကုန်းပေါ်မတက်မီ ပင်လယ်ထဲတွင် နှစ်သန်းပေါင်းတစ်ထောင်လောက် နေထိုင်ခဲ့ကြပါသည်။ ရေထုသည် လူသတ္တဝါများအပါအဝင် သက်ရှိ ၇၀% နှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုယူဆချက်များကြောင့် သမုဒ္ဒရာသည် အရေးပါနေဆဲဖြစ်ပြီး အသိအမှတ်ပြုသည့်အနေဖြင့် ဇွန်လ ၈ ရက်နေ့ကို "World Ocean Day" ကျွန်ုပ်တို့အားလုံးနှင့်ဆက်စပ်နေသောသမုဒ္ဒရာကြီးကို ဂုဏ်ပြုအပ်သည့်နေ့ဟုသတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနား ကျင်းပပြုလုပ်ကြပါသည်။ သို့သော်လူသားများသည် လကမ္ဘာနှင့် အင်္ဂါဂြိုလ်တို့၏မျက်နှာပြင်အကြောင်းကို ကမ္ဘာဂြိုလ်၏နက်ရှိုင်းသောသမုဒ္ဒရာရေအောက်အကြောင်းထက် ပိုမိုသိရှိနေကြပြီး သုတေသနပညာရှင်များသည် ပင်လယ်သမုဒ္ဒရာကြီးများ၏ ၁၀% ထက်နည်းသောပမာဏကိုသာ လေ့လာခဲ့ကြသည်။

ရေကမ္ဘာ၏ အကြီးမားဆုံးအစိတ်အပိုင်းများမှာ ပစိဖိတ်၊ အတ္တလန္တိတ်၊ အိန္ဒိယနှင့် အာတိတ်သမုဒ္ဒရာတို့ပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အဓိကပင်လယ်ကြီး ၃၅ ခုရှိပါသည်။ အချို့မှာ ကမ်းခြေရှိပြီး၊ အချို့မှာ မြေပြင်ကြီးများပတ်လည်ဝိုင်းထားသော ကုန်းတွင်းပင်လယ်များဖြစ်ကြပါသည်။ ထို့ကြောင့် ပင်လယ်သမုဒ္ဒရာများသည် ကမ္ဘာဂြိုလ်ကြီး၏ အများဆုံးရေပမာဏကို ရယူထားခြင်းမဟုတ်ဘဲ သက်ရှိသတ္တဝါအမျိုးပေါင်းများစွာကိုလည်း နေထိုင်ပေါက်ဖွားစေပါသည်။ ပင်လယ်ဆိုင်ရာ သိပ္ပံပညာရှင်များသည် ရေသတ္တဝါအမျိုးပေါင်း သုံးသိန်းခန့်ကို တွေ့ရှိခဲ့ပြီးဖြစ်သော်လည်း မတွေ့ရသေးသော အမျိုးအစားမှာ ထိုအရေအတွက်၏ ၂ ဆရှိမည်ဟု ခန့်မှန်းကြပါသည်။ အချို့သိပ္ပံပညာရှင်များသည် ပင်လယ်ရေအောက်မြေပြင်တစ်ခုတည်းမှာပင် သက်ရှိသတ္တဝါအမျိုးပေါင်း ၁၀ သန်းအထိရှိနိုင်သည်ဟု ခန့်မှန်းကြပါသည်။ ရေမရှိလျှင် သက်ရှိများလည်း မရှိနိုင်ပါ။ ရေအရင်းအမြစ်များသည် ကမ္ဘာပေါ်မှာသာရှိပါသည်။ လူသားများ၏ ကိုယ်ခန္ဓာထဲတွင်လည်း ရေဓာတ် ၇၀% ဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ထမင်းအသက် ခုနှစ်ရက်၊ ရေအသက် တစ်မနက်ဆိုသောစကားပုံကဲ့သို့ တချို့သောလူများက ရေကိုတန်ဖိုးထားကြပါသည်။ ရေ၏တန်ဖိုးကို နားလည်ကြ၊ ကာကွယ်စောင့်ရှောက်ကြသည်။ ထိုသူများက မတ်လ ၂၂ ရက်နေ့ကို "World Water Day" 'ကမ္ဘာ့ရေနေ့' အဖြစ်သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများ ကျင်းပပြုလုပ်ကြပါသည်။

ကမ္ဘာပေါ်တွင် ရေပမာဏ၏ ၉၇. ၅% သည် ဆားငန်ရေများဖြစ်သောကြောင့် ရေအလွန်များပြားစွာရှိသော်လည်း သက်ရှိလူသားများသောက်သုံးနိုင်သော ရေချို (Fresh Water) ပမာဏမှာ ၂. ၅% ခန့်သာရှိပါသည်။ ဤ ၂. ၅% သော ရေများမှာ ဝင်ရိုးစွန်းဒေသရှိ ကြီးမားကျယ်ပြန့်သော ရေခဲပြင်များ၊ မြစ်၊ ချောင်း၊ ကန်ချောင်း၊ တောင်စဉ်တောင်တန်းထိပ်များပေါ်မှာ ဖုံးလွှမ်းနေသောဆီးနှင်းများ၊ စိမ့်စမ်းရေများ၊ မြေအောက်ရေများနှင့် မိုးရေများထဲမှ ရရှိခြင်းဖြစ်ပါသည်။ တစ်ဖန်ရေချိုသည် ဝင်ရိုးစွန်းဒေသရှိ ကြီးမားကျယ်ပြန့်သောရေခဲပြင်များ၊ မြေကြီးအောက်အလွန်နက်ရှိုင်းသော နေရာများမှ မြေအောက်ရေများအဖြစ်လည်း ရှိနေခြင်းကြောင့် အလွန်တကူသောက်သုံးနိုင်သော ရေပမာဏသည် ရေချိုစုစုပေါင်း၏ ၁% ခန့်သာရှိပြီး အလွန်နည်းပါးလှသော ပမာဏဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိရေပမာဏစုစုပေါင်းမှာ မပြောင်းလဲသော်လည်း ရေသုံးစွဲမှုမှာတော့ တစ်နေ့တစ်ခြား တိုးပွားလာနေပါသည်။ ရေချိုပြန်လည်ဖြည့်တင်းမှု (Fresh Water Replenishment) မှာ ပင်လယ်သမုဒ္ဒရာများမှ ရေငွေ့ပျံပြီး မိုးရွာသွန်းမှုပေါ်တွင် မူတည်နေပါသည်။ နှင်း၊ မြူ မိုးသီးအပါအဝင် နှစ်စဉ်ပျမ်းမျှ မိုးရွာသွန်းမှုပမာဏသည် ပင်လယ်သမုဒ္ဒရာမြေပြင်တို့၏ နှစ်စဉ်ရေငွေ့ပမာဏနှင့် တူညီပါသည်။ ပင်လယ်သမုဒ္ဒရာများမှ နှစ်စဉ်ကုဗကီလိုမီတာ ၅၀၅,၀၀၀ ခန့်အငွေ့ပျံပြီး ကုဗကီလိုမီတာ ၇၂,၀၀၀ ခန့်အကွာ၌ ဖြစ်ခြင်းဖြစ်သည်။ ထိုရေငွေ့များသည် ကောင်းကင်သို့တက်သွားပြီး အေးသွားသောအခါတွင် နှင်း၊ မြူ မိုးသီး၊ မိုးရေများအသွင်ဖြင့် ကမ္ဘာမြေပြင်ပေါ်သို့ ပြန်ကျလာပါသည်။ ကျလာသောမိုးရေ၏ ၈၀% သည် ပင်လယ်သမုဒ္ဒရာများဆီသို့ ပြန်လည်ရောက်ရှိသွားပြီး ၂၀% မှာ မြေပြင်သို့ကျရောက်လာခြင်းဖြစ်ပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ကြည့်လျှင် ရေချိုလုံလောက်မှုရှိသည်ဟု ဆိုကြသော်လည်း ရေချိုရရှိမှုအနေအထားမှာ ညီမျှခြင်းမရှိလှပါ။ ရေသုံးစွဲမှုတိုးပွားနှုန်းမှာ လူဦးရေတိုးပွားနှုန်း၏ ၂ ဆကျော်ရှိသည်ဟုသိရပြီး ရေဖြုန်းတီးမှု၊ ရေအလဟဿဖြစ်မှု၊ စနစ်တကျသုံးစွဲခြင်းမရှိမှုတို့ကြောင့် အချို့ဒေသများတွင် မြေအောက်ရေသုံးစွဲမှုသည် မြေအောက်ရေချို ပြန်လည်ဖြည့်ဆည်းပေးနိုင်မှုထက် ပိုမိုမြန်ဆန်နေပါသည်။ ထို့ကြောင့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၃ ပုံ ၂ ပုံသည် ရေရှားပါးမှုပြဿနာနှင့် ရင်ဆိုင်ရမည်ဟု ခန့်မှန်းထားကြပါသည်။

လူသားများသည် ရေကိုနည်းအမျိုးမျိုးနှင့် ရယူနေကြခြင်းဖြစ်ပါသည်။ အလွန့်အလွန်တိုးတက်နေသောခေတ်ကြီးတွင် လူသားများ၏ လိုအပ်ချက်များကို မြန်နိုင်သမျှ မြန်မြန်ရအောင်၊ ရှာဖွေနိုင်သမျှ ရှာဖွေ၍ရအောင် နည်းမျိုးစုံနှင့် ကြိုးပမ်းနေကြပါသည်။ လူသားများ၏ မဆင်မခြင်လုပ်မှုကြောင့် ရေသည်ယခုအခါတွင် ရေဒုက္ခိတဘဝသို့ ရောက်နေပြီဖြစ်ပါသည်။ ရေထုညစ်ညမ်းမှုများလည်း ဖြစ်ပေါ်နေပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မိလ္လာ ၉၀% နှင့် စက်မှုလုပ်ငန်းများမှထွက်ရှိသော စွန့်ပစ်ပစ္စည်းပမာဏ ၇၀% ခန့်ကို သန့်စင်မှုမပြုဘဲ စွန့်ပစ်နေကြသောကြောင့် ရေထုညစ်ညမ်းမှုဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

ကိုးကားချက် - Green Memo
- Greenhouse Gases behind Global warming by Dr. Maung Kyaw
- 2010 Reduced Hazard Calendar
- Internet

ဒေါက်တာလပြည့်ခင်

# မြန်မာ မြန်မာ မြန်မာတဲ့ဟေ့



ကျွန်တော်တို့မြန်မာတွေ မညံ့ဘူး။ ဘယ်နေရာမှ နောက်မကျဘူးဆိုတာ ဒီ SEA Game ဖွင့်ပွဲနှင့် ကမ္ဘာကိုပြသနိုင်ခဲ့ပါပြီ။ ဒါပေမဲ့လည်း ကျွန်တော်တို့တစ်တွေ ခရီးရှည်ကြီး ဆက်သွားရပါဦးမည်။ SEA Game က မွေးဖွားပေးလိုက်တဲ့စိတ်ဓာတ်ခွန်အားတွေနဲ့ နိုင်ငံနှင့်လူမျိုးတို့ရဲ့ တောက်ပတဲ့အနာဂတ်ကို ပုံဖော်ထုဆစ်ရပါဦးမည်။

အခုတလော ကျွန်တော်အလွယ်တကူ မျက်ရည်ဝဲနေတတ်သည်။ နိုင်ငံတော်သီချင်းကို ပရိသတ်ကြီးက အားနဲ့မာန်နဲ့ လိုက်ဆိုတဲ့အသံတွေကြားရင်၊ မြန်မာ မြန်မာဆိုတဲ့ အသံတွေကြားရင် အလိုလို မျက်ရည်ဝဲလာသည်။ ဝမ်းနည်းမှုကြောင့် မဟုတ်၊ ပီတိတွေနှင့်ဖြစ်သည်။ ဇာတိသွေး ဇာတိမာန်ဆိုတာ ဖြစ်လိမ့်မည်။

'ကို ကျွန်မတို့နိုင်ငံက SEA Game ဖွင့်ပွဲကို စာနယ်ဇင်းတွေမှာရေးထားလိုက်တာ အစုံပဲနော်'

ဖြုလဲ့ရီပြောတဲ့စကားကို ကျွန်တော်သတိမထားလိုက်မိပါ။ အတွေးတွေထဲ မျောလွင့်နေမိသည်။

'ကြည့် စိတ်ကဘယ်ကိုရောက်နေရ ပြန်တာလဲ။ ခေါ်မကြား အော်မကြားနဲ့'

ဖြုလဲ့ကပြောရင်း ကျွန်တော့်လက်ကို ကိုင်လှုပ်လာသည်။ ဒီလိုမှပဲ ကျွန်တော်လည်း အတွေးကမ္ဘာထဲက နိုးထလာတော့သည်။

'ဩော် စိတ်ကဘယ်မှမရောက်ပါဘူး ဖြုလဲ့ရယ်။ မနေ့ညက SEA Game ဖွင့်ပွဲကို ပြန်စဉ်းစားပြီး စိတ်ထဲမှာပီတိဖြစ်နေလို့ပါ'

'ဟုတ်တယ်နော် SEA Game ဖွင့်ပွဲက တော်တော်ခမ်းခမ်းနားနား လုပ်ထားတာပဲ။ ကျွန်မတောင်ကြည့်ရင်းနဲ့ ရင်ထဲမှာ လှိုက်တက်လာမိတယ်။ နိုင်ငံတကာက သတင်းမီဒီယာတွေကလည်း တော်တော်ချီးမွမ်းကြတယ်နော်'

'ဟုတ်တယ်ဖြုလဲ့ရဲ့ တချို့သတင်းအာဘော်တွေမှာရေးထားတာ တော်တော်စိတ်ဝင်စားဖို့ကောင်းပါတယ်။ တစ်ချိန်က အထီးကျန်သင်းကွဲနိုင်ငံလေးရဲ့ ကမ္ဘာကို ထုတ်ပြလိုက်တဲ့ Message က မြန်မာတွေ လုပ်နိုင်ပါတယ် (We Can) ဆိုတဲ့ Message ပါတဲ့။ တချို့ နိုင်ငံခြားမီဒီယာတွေဆို ဒီလောက်ထင်မထားဘူးလို့တောင် ရေးထားကြပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ်တို့မြန်မာနိုင်ငံကို အပြုသဘောနဲ့မြင်တာပဲဖြစ်ဖြစ်၊ အဆိုးပဲမြင်တာပဲဖြစ်ဖြစ် တလေးတစားနဲ့ ရေးသားဖော်ပြကြတာတော့ ဘယ်သူမှငြင်းမရပါဘူး။ ကိုယ်တို့ အာဆီယံဒေသတွင်းက မီဒီယာတွေမှာဆိုရင် ကိုယ်တို့နိုင်ငံရဲ့ ဒီမိုကရေစီတံခါးဖွင့်မှု၊ စီးပွားရေးအခွင့်အလမ်းတွေနဲ့ ဒီ SEA Game ဖွင့်ပွဲလို့တောင် ချီးကျူးရေးသားထားကြတာတွေရှိပါတယ်'

'သူတို့တွေ အံ့ဩချီးမွမ်းကြတာ မဆန်းပါဘူး။ ကျွန်မတို့ ကိုယ့်နိုင်ငံတွင်းက ပြည်သူတွေတောင် အံ့ဩဂုဏ်ယူလောက်စရာပဲလေ။ ကျွန်မက ကျွန်မတို့နိုင်ငံက သေးသေးလေး၊ စီးပွားရေးလည်းမဖွံ့ဖြိုးသေးတော့ ဒီလောက်မလုပ်နိုင်လောက်ဘူးရယ်လို့ ထင်ထားတာလေ'

'အားလုံးကလည်း ဒီလိုပဲတွက်ထားကြတာပါ။ အရင်က ကိုယ်တို့နိုင်ငံကို ကြည့်ဦးလေ။ မြန်မာဆိုတာ အနိမ့်ခံ၊ အပယ်ခံ၊ အထီးကျန်နိုင်ငံလေးလို ဖြစ်နေခဲ့တာ။ ဒီလိုနိုင်ငံလေးက SEA Game ကို တာဝန်ယူကျင်းပမယ်ဆိုတော့ လုပ်မှလုပ်နိုင်ပါ့မလားလို့ သံသယမျက်လုံးတွေနဲ့ ဝိုင်းကြည့်တာကို ခံခဲ့ရတာပါ။ အခု ကိုယ်တို့ကိုကြည့်တဲ့ သံသယမျက်လုံးတွေကို ပိတ်သိမ်းစေနိုင်ခဲ့ပါပြီ။ မြန်မာဆိုတာကို ဒေသတွင်းကကျော်ပြီး ကမ္ဘာကိုပါပြနိုင်ခဲ့ပါပြီ'

'ဒါပေမဲ့ ကိုရယ် ဒီ SEA Game ပြိုင်ပွဲကို အပြစ်မြင်မကောင်းပြောကြတဲ့သူတွေလည်း ရှိသေးတယ်။ ကျွန်မဖြင့် သူတို့ရဲ့စိတ်သဘောတွေကို နားမလည်နိုင်အောင်ပဲ။ အပြစ်ပြောကြတဲ့သူတွေကလည်း ကိုယ့်လူမျိုး ကိုယ့်နိုင်ငံသားတွေပဲဆိုတော့ သူတို့ရဲ့မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဆိုတာကို မေးခွန်းထုတ်ချင်မိတယ်'

'ဖြစ်တတ်ပါတယ် ဖြုလဲ့ရယ်။ သူတို့မှာလည်း SEA Game ကိုမကြိုက်ရတဲ့ အကြောင်းကို သူတို့အကြောင်းပြချက်နဲ့ သူတို့ရှိမှာပေါ့။ လူတိုင်းလွတ်လပ်စွာ သဘောကွဲလွဲခွင့်ရှိပါတယ်။ အမြင်အမျိုးမျိုး အတွေးတွေစုံမှလည်း ဒီမိုကရေစီပီသမှာပေါ့။ ပြောရရင် နိုင်ငံတစ်ခုရဲ့ ပါဝါအင်အားကို နှစ်မျိုးရှိတယ်လို့ပြောလို့ရပါတယ်။ အင်အားအမာ (Hard Power) နဲ့အင်အားအပျော့ (Soft Power) ဆိုပြီးတော့ပေါ့။ Hard Power ကတော့ စစ်ရေးအင်အား၊ စီးပွားရေးအင်အားလိုမျိုးပေါ့။ မြင်သာထင်သာရှိတယ်ပေါ့။ Soft Power ကတော့ ယဉ်ကျေးမှု၊ အမျိုးသားစည်းလုံးညီညွတ်မှု၊ နိုင်ငံတကာစင်မြင့်ပေါ်မှာ ကိုယ့်နိုင်ငံရဲ့ ဩဇာ၊ သိက္ခာပုံရိပ်စတာတွေပေါ့။ ဒီတော့ နိုင်ငံတစ်နိုင်ငံ တိုးတက်၊ ကြီးပွား၊ ချမ်းသာလာပြီဆိုရင် Soft Power ကို တည်ဆောက်ကြရစမြဲပဲ။ အဲလို Soft Power တည်ဆောက်တဲ့နေရာမှာလည်း အခု SEA Game ပြိုင်ပွဲလို အားကစားပြိုင်ပွဲတွေက အထင်ကရပြယုဂ်တွေပဲ။ ဒီတော့ ကိုယ်တို့နိုင်ငံရဲ့ စီးပွားရေးအခွင့်အလမ်းတွေ ပွင့်လန်းလာတဲ့ အခြေအနေမှာ SEA Game ပြိုင်ပွဲကို ကျင်းပခွင့်ရတာ အချိန်ကိုက်ပဲလို့ ဆိုချင်ပါတယ်။ ကိုယ်တို့ နိုင်ငံ၊ ကိုယ်တို့လူမျိုးရဲ့အရည်အချင်း၊ လုပ်နိုင်စွမ်းနဲ့ စီးပွားရေးအခြေအနေတွေကို တစ်ခါတည်းပြသနိုင်ခဲ့တယ်လို့ ဆိုရမှာပဲ။ ကိုယ်ကတော့ ဒီလိုဒေသတွင်းပြိုင်ပွဲတွေကနေ ကမ္ဘာ့အဆင့်ပြိုင်ပွဲတွေအထိ ဂုဏ်သိက္ခာရှိရှိ အောင်အောင်မြင်မြင်နဲ့ ဆက်လက်ကျင်းပသွားနိုင်လိမ့်မယ်လို့ ယုံကြည်နေတယ်။ ပန်းမဝင်ခင် တက်မထောင်မိဖို့တော့ လိုတာပေါ့'

'ကိုရယ် ကျွန်မတို့နိုင်ငံက ဆင်းရဲမွဲတေမှုပပျောက်ဖို့ အခုမှရုန်းကန်လှုပ်ရှားရတုန်းရှိသေးတယ်။ ဒီလိုအချိန်မှာ အကုန်အကျများတဲ့ ပြိုင်ပွဲကြီးတွေ မကျင်းပသင့်သေးဘူးလို့ ပြောကြတာပဲ။ အဲဒါကို ဘယ်လိုပြောမလဲ'

ဖြုလဲ့ရီမေးတဲ့မေးခွန်းကို ချက်ချင်း ပြန်မဖြေနိုင်သေးပါ။ ရှေ့မှာရှိတဲ့ ရေနွေးကြမ်းပန်းကန်ကို မှုတ်သောက်နေမိသည်။ ပြီးမှ စကားစဖြစ်သည်။

'သူတို့ပြောသလို မဟုတ်ဘူးလို့ဆိုရ မှာပဲ ဖြုလဲ့ရဲ့။ ဒီ SEA Game ကြောင့် အစိုးရ အသုံးစရိတ် ပိုတက်လာတယ်။ ဒါပေမဲ့ လူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပိုမိုတက်လာတာပါပဲ။ SEA Game ပြိုင်ပွဲကို လိုက်အားပေးကြတဲ့ နိုင်ငံခြားဧည့်သည်တွေကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတွေလည်း တက်လာတာပါပဲ။ ဒီလိုခမ်းခမ်းနားနား ကျင်းပခြင်းကြောင့် ကိုယ်တို့နိုင်ငံကို ကြော်ငြာပြီးသားလည်းဖြစ်တာပဲ။ ဒီတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေရဲ့ အာရုံစူးစိုက်မှုကို ပိုရနိုင်သလို နိုင်ငံခြားခရီးသွားတွေကိုလည်း ပိုမိုဆွဲဆောင်လာနိုင်မယ်။ အရာရာတိုင်းမှာ အကောင်းနဲ့အဆိုး ဒွန်တွဲနေတော့ အပြစ်မြင်ကြသူတွေလည်း ရှိကြမှာပါ။ ဒါပေမဲ့ အပြစ်မြင်တဲ့သူတွေကို ကိုယ်ပြောချင်တာကတော့ ခင်ဗျားတို့ရော၊ ကျွန်တော်တို့ရော ငါဟာ မြန်မာပဲဆိုတဲ့ Motivation ရလာတာဟာ အထင်ရှားဆုံး အမြတ်ပဲလို့ ပြောချင်တာပါ'

'ဖြုလဲ့မြင်သာအောင် ထပ်ပြောပါဦးမယ်။ ဖြုလဲ့ မှတ်မိတယ်မဟုတ်လား။ LED ဖန်သားပြင်ပေါ်မှာ ပြနေတာက ပုဂံပုံရိပ်တွေ၊ ကြားနေရတဲ့သီချင်းသံက မဟာသီချင်း၊ ပြီးတော့ SEA Game ပြိုင်ပွဲကြီးရဲ့ဖွင့်ပွဲအခမ်းအနား၊ သရုပ်ဖော်နေကြတဲ့ လူငယ်ကျောင်းသားလေးတွေကလည်း ပီပီပြင်ပြင်။ ဒီလို ပုံရိပ်၊ ဒီလိုအသံ၊ ဒီလိုခံစားမှုတွေကို တပြိုင်နက်ခံစားလိုက်ရတဲ့အခါ ကမ္ဘာ့ရဲ့ဘယ်နေရာမှာပဲ ရောက်နေနေ၊ ဒီအချိန်လေးမှာတော့ ခေါင်းတွေမော့လာမယ်၊ ရင်တွေကော့လာမယ်။ ဇာတိသွေး၊ ဇာတိမာန်ဆိုတာကို ခံစားလာရမယ်။ အချိန်ကာလတစ်ခုစာ အခြေအနေအရ ငုပ်လျှိုးနေတဲ့ မြန်မာဆိုတဲ့ပုံရိပ်တွေ ပွင့်လင်းလာတယ်။ ထင်ရှားလာပါတယ်။ ဒါဟာ SEA Game ကို လက်ခံကျင်းပလို့ရလာတဲ့ အကျိုးအမြတ်တွေပါပဲ။ ဖြုလဲ့လည်း သိပါတယ်။ ဒီ SEA Game ဖွင့်ပွဲ စီစဉ်တင်ဆက်မှုမှာ ဒီလိုဂုဏ်ယူစရာစိတ်ဓာတ်တက်ကြွစရာ ပြကွက်ပေါင်းများစွာ၊ ဘယ်လောက်ကျေနပ်စရာကောင်းသလဲ'

'နောက်ပြီး ရှိသေးတယ်ဖြုလဲ့ရဲ့။ ကိုယ်တို့နိုင်ငံက အခုအချိန်မှာတိုင်းပြည်ကို ခေတ်သစ်၊ စနစ်သစ်နဲ့တည်ဆောက်နေတဲ့ အချိန်။ ဒီလိုအချိန်မှာ နိုင်ငံတကာက အထင်ကြီးလေးစားဖို့၊ ကိုယ်တို့မြန်မာတွေ ယဉ်ကျေးမှုအစဉ်အလာကြီးမားတယ်ဆိုတာပြသဖို့၊ နိုင်ငံရေး၊ စီးပွား

စာမျက်နှာ ၁၂ သို့ -



# အရိပ်ပမာ ကိုးကွယ်ပါ

ကိုညီ (ရေတာရှည်)

စစ်ပွဲများ၊ ပဋိပက္ခများ၊ ရောဂါဘယများသည် သိပ္ပံနည်းပညာအစွမ်းဖြင့် တားဆီးနိုင်စွမ်းရှိနေကြပြီဖြစ်သည်။ အရမ်းကိုဆိုးသွမ်းသည့် လူဆိုးတစ်ယောက်တောင်အဲ့ဒီစိတ်ကိုတားဆီးပြီး လူကောင်းဖြစ်သွားကြသူတွေ မရေမတွက်နိုင်အောင်ရှိနေကြသည်။ သူခိုးဓားပြတွေကိုလည်း ထိန်းလို့မနိုင်တော့ဘူးဆိုတာ မရှိနိုင်ပါ။ ကမ္ဘာပေါ်မှာ သက်ရှိတွေအားလုံးတားဆီး၍မရနိုင်တဲ့အရာမှာ တစ်ခုတည်းသာရှိသည်။ ထိုအရာမှာ 'သေခြင်းတရား' ဟုဆိုလျှင် မည်သူငြင်းပယ်နိုင်မည်နည်း။ သေခြင်းတရားရဲ့ရှေ့မှာ အရင်ဆုံးဖြတ်သန်းရမည်က အို၊ နာ၊ သေ ဝေဒနာသုံးမျိုးဖြစ်သည်။ သင်ဟာ အလုပ်တွေအရမ်းကြိုးစားပြီး ပိုက်ဆံတွေ ဘာအတွက်ရှာဖွေသနည်း။ ပထမဆုံးကတော့ အသက်ရှင်နိုင်ရန် အစာအာဟာရသုံးဆောင်ဖို့အတွက်ဖြစ်သည်။ ဘာအတွက်ကြောင့်အစားအစာများကို သုံးဆောင်နေသနည်းဆိုလျှင် မိမိဟာသက်ရှိဖြစ်တဲ့အတွက် မသေအောင် စားသုံးနေရသည်ဆိုသည်မှာ မှန်ကန်သောအဖြေဖြစ်ပါသည်။ သို့သော်လည်းအစာစားရင်းနှင့်ပင် နောက်ဆုံး သေဆုံးကြရသူများပင်ဖြစ်သည်။ ငါတော့ အလုပ်ကြိုးစားရမယ်၊ ရာထူးတိုးရမယ်၊ သူတို့ထက်သာရမယ်ဆိုပြီး ပူပင်သောကရောက်နေတဲ့သူတွေ၊ အချင်းချင်းပြိုင်ဆိုင်နေကြတဲ့သူတွေ နောက်ဆုံးရလိုက်တာက အိုခြင်း၊ နာခြင်းနှင့် သေခြင်းတရားပင်ဖြစ်သည်။

မျက်နှာလိမ်းသော (chemical products) များမှာ မိမိရဲ့ရုပ်ရည် မအိုအောင်ပြုလုပ်ပေးနိုင်သော အရာများမဟုတ်နိုင်ပါ။ ကမ္ဘာပေါ်မှာ တိုးတက်နေတဲ့ နိုင်ငံများမှ နိုင်ငံသားများ မအို၊ မနာ၊ မသေ သောသူများမရှိပါ။ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမအတိုင်း သေဆုံးခြင်းသို့သွားနေသည့် အခိုက်အတန့်လေးအတွင်း မိမိတို့အားလုံးကောင်းမှုကုသိုလ်များ၊ တရားဓမ္မများကြိုး စားအားထုတ်သင့်လှပါသည်။ မိမိကိုယ်တိုင် ဗုဒ္ဓဘာသာကိုနားလည်သဘောပေါက်ကာ ယုံကြည်မှုအပြည့်ဖြင့် မိမိသွားရာ ရောက်ရာနေရာတိုင်း၌ မိမိ၏အရိပ်ကဲ့သို့ အမြဲမသွေရှိနေစေပြီး ဗုဒ္ဓ၏အဆုံးအမနှင့် အလှမ်းဝေးသူများကိုလည်း သိနားလည်လာစေရန် ဟောပြောရှင်းလင်းကာ မိမိတို့၏ဗုဒ္ဓဘာသာအား တိုးတက်ကောင်းမွန်အောင်၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်မှာ ဗုဒ္ဓဘာသာဝင်တို့၏တာဝန်ပါဟု ခံယူသင့်ပါသည်။

မိမိကိုးကွယ်သည့်ဘာသာသည် အကောင်းဆုံးဖြစ်ကြောင်း သင်ကိုယ်တိုင်လုပ်ဆောင်၍ သက်သေပြနိုင်ရမည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိလူသားတိုင်းသည်ချမ်းသာချင်၍ ငွေ၊ ဂုဏ်နေနှင့် ရာထူးတွေရှာကြသည်။ မည်သို့ပင်ရှာစေကာမူ သူတို့သည် စစ်မှန်သောချမ်းသာကို မရနိုင်။ ချမ်းသာချင်၍ လူတကာ၏ ပစ္စည်းများကိုရအောင်ယူသူသည် ချမ်းသာအစစ်ကို မရနိုင်၊ လူတကာကို ပေးကမ်းစွန့်ကြနေသူသာလျှင် ချမ်းသာအစစ်ကို ရရှိသူဖြစ်သည်။

ဤသို့ဖြင့် ခေတ်မီနည်းပညာများနှင့်တားဆီးနိုင်စွမ်းမရှိသည့် အို၊ နာ၊ သေ သို့မရောက်မီ မြတ်စွာဘုရား၏ အဆုံးအမများကို လိုက်နာကျင့်သုံးကာ ကောင်းမှုကုသိုလ်ပွားများ၍ မသိသောသူများကို သိအောင် ဗုဒ္ဓဘာသာအား မပျောက်ပျက်အောင် ဝေမျှနိုင်ကြရမည်ဖြစ်သည်။ ထို့ပြင် မိမိခြေတစ်လှမ်း လှမ်းတိုင်း၊ တစ်ရက်ကုန်ဆုံးတိုင်း သေဆုံးခြင်းသို့ ရောက်တော့မည်ဟု သတိထားဆင်ခြင်မိစေချင်သည်။ ကမ္ဘာပေါ်၌ သတ္တဝါပေါင်းမြောက်များစွာ ရှိသည့်အနက် လူဖြစ်ရန်မလွယ်သောဘဝ၌ မိဘနှင့်ဆရာစကားအား ရှေ့မှာနှင့်နောက်ကွယ်မှာပါ နားထောင်သကဲ့သို့ မြတ်စွာဘုရား၏ အို၊ နာ၊ သေ စသောဝေဒနာသုံးပါးချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့သွားလိုကြသော ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများအားလုံး မိမိတို့ဘာသာအား အလေးထားလျက် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြပါရန် တိုက်တွန်းလိုက်ခြင်းဖြစ်ပါသည်။

**စာမျက်နှာ ၁၁ မှ -**

ရေး၊ လူမှုရေးတိုးတက်မှုတွေကို အထောက်အပံ့ဖြစ်စေဖို့ ကျင်းပသင့်လုပ်သင့်တယ်လို့ ပြောရမှာပါ။ နိုင်ငံတကာအဆင့်ပြိုင်ပွဲမို့ နိုင်ငံတကာအဆင့် ကုန်ကျစရိတ်တော့ ရှိမှာပေါ့။ ပြောချင်တာက ဒီလိုပွဲမျိုးကိုကျင်းပခွင့်ရတဲ့ ဘယ်နိုင်ငံပဲဖြစ်ဖြစ် ကပျက်ကချော် ပြီးစလွယ်လုပ်ကြမှာမဟုတ်ဘူး ဆိုတာပါပဲ။ လုပ်ရင်လည်း တိုင်းပြည်ရဲ့ပုံရိပ်နဲ့ဂုဏ်သိက္ခာကျသွားမှာပါပဲ။ ကိုယ်ကတော့ ဖွင့်ပွဲအခမ်းအနားက ကိုယ့်စိတ်ထဲကမှန်းထားတာထက် ပိုပြီးခမ်းနားလွန်းလို့ ဂုဏ်တောင်ယူသေးတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ Image မြင့်တက်သွားတဲ့အခါ အဲဒီနိုင်ငံကပေါက်ဖွားလာတဲ့ နိုင်ငံသားတွေရဲ့ Image ပါလိုက်ပြီး မြင့်တက်သွားပါတယ်။ နိုင်ငံနဲ့လူမျိုးကို ချစ်မြတ်နိုးသူတိုင်း ဒါကိုနားလည်ကြမှာပါ'

'SEA Game ပြိုင်ပွဲကြီး အခုလိုအောင်အောင်မြင်မြင်ကျင်းပဖို့အတွက် တော်တော်လေး ကြိုးပမ်းအားထုတ်ခဲ့ရမှာပဲနော်'

'ဟုတ်တယ် ဖြူလဲ့။ တော်တော်လေးလုပ်ခဲ့ရမှာပါ။ အားလုံးလည်း တော်တော်ကြိုးစားအားထုတ်ခဲ့ကြရမှာပါ။ ကိုယ်ကတော့ အခုလို SEA Game ပြိုင်ပွဲကြီးကို အောင်အောင်မြင်မြင်ကျင်းပခွင့်ရလို့ ပါဝင်ပတ်သက်သူအားလုံး၊ ကူညီလုပ်အားပေးကြသူအားလုံး၊ လုံခြုံရေးဆောင်ရွက်ကြသူတွေ၊ အမြို့မြို့အနယ်နယ် နိုင်ငံတွင်း နိုင်ငံပြင်ပကအားပေးကြသူများ၊ အားကစားသမားတွေအားလုံးအားလုံးကို ကျေးဇူးတင်နေမိတယ်။ အနုပညာသမားတွေ၊ စီစဉ်တင်ဆက်သူတွေလည်း မပါမဖြစ်ပေါ့။ အထူးသဖြင့်တော့ ဒီ SEA Game ပြိုင်ပွဲအတွက် ရက်ရှည်လများ နေပူကြဲထဲမှာ ချွေးတလုံးလုံးနဲ့လေ့ကျင့်ခဲ့ရတဲ့ ကျောင်းသားလူငယ်တွေ၊ ဖော်လံတီယာလူငယ်လေးတွေကို ချီးကျူးဂုဏ်ပြုရမှာပါ။ သူတို့တွေရဲ့ အပင်ပန်းခံဆောင်ရွက်မှုကြောင့် အခုလိုအောင်အောင်မြင်မြင်ကျင်းပနိုင်တာပါ။ သေချာတာကတော့ ဒီကျောင်းသား လူငယ်လေးတွေဟာလည်း အခုလိုပြိုင်ပွဲကြီးမှာ အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ခွင့်ရခဲ့တဲ့အတွက် သူတို့ကိုယ်တိုင်လည်း ပီတိဖြစ်နေလိမ့်မယ်ဆိုတာပါပဲ။

ကိုယ်ကတော့ ဒီကျောင်းသားကျောင်းသူလေးတွေ၊ ဖော်လံတီယာလူငယ်လေးတွေ၊ SEA Game ဖွင့်ပွဲကို အနယ်နယ်အရပ်ရပ်က ကြည့်ရှုနေတဲ့လူငယ်မျိုးဆက်သစ်တွေရဲ့ရင်ထဲမှာ ဘယ်လိုအခက်အခဲကြုံကြုံ၊ ဘယ်လိုစိန်ခေါ်မှုတွေနဲ့ပဲဆုံဆုံ ငါတို့လုပ်နိုင်တယ် (We Can) ဆိုတဲ့ ခံယူချက်လေးစွဲမြဲနေတော့မယ်လို့ ဆိုချင်ပါတယ်ကွာ။ နောက်ဆုံးတော့ **'ရွှေတော်ကနေ၊ ကမ္ဘာကျော်ရမယ်'** ဆိုတဲ့ ကျောင်းသားလူငယ်လေးတွေရဲ့ မျှော်လင့်ချက်တကယ်ဖြစ်လာမှာပါလို့'

'အောင်မလေး စာရေးဆရာကြီးရယ်။ ဒီလိုဆို ကျွန်မတို့လိုလူကြီးတွေအတွက်ကကော'

ဖြူလဲ့အသံက စနောက်ချင်သယောင်။

'ကိုယ်ပြောမှာပါ ဖြူလဲ့ရဲ့။ SEA Game ကို ဒေသတွင်းစည်းလုံးညီညွတ်ဖို့၊ ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ဖို့၊ နားလည်ချစ်ကြည်ပူးပေါင်းဆောင်ရွက်နိုင်ဖို့၊ ခရီးသွားလုပ်ငန်းတိုးတက်ပြီး စီးပွားရေးဖွံ့ဖြိုးဖို့စတဲ့ ရည်ရွယ်ချက်တွေနဲ့ အစဉ်အဆက် ကျင်းပလာခဲ့ကြတာ။ ကိုယ်တို့က အခု (၂၇) ကြိမ်မြောက် ပြိုင်ပွဲကြီးကိုမှ တစ်ခါပြန်ကျင်းပခွင့်ရတာ။ ကြားထဲမှာခြားသွားတာက နှစ်ပေါင်း ၄၄ နှစ်တောင် စဉ်းစားကြည့်ရင် ကိုယ်တို့တစ်သက်မကဘူး။ ကိုယ်တို့တစ်သက်မှာတစ်ခါ အများနဲ့အားရဝမ်းသာအားပေးရင်း ကိုယ့်နိုင်ငံကို အထင်ကြီးလေးစားစိတ်ဖြစ်လာရတာ ဘယ်လောက်ကျေနပ်စရာကောင်းလိုက်သလဲ။ ကိုယ်တော့ ဒီအချိန်ခဏလေးအတွင်းမှာ မြန်မာနိုင်ငံသားဖြစ်ရတာကို တော်တော်ဂုဏ်ယူသွားတယ်'

'ဟုတ်တယ် ကို၊ ကျွန်မလည်း တော်တော်ဂုဏ်ယူသွားမိတယ်'


ဖြူလဲ့ရဲ့အပြုံးက ရွှန်းလဲ့နေသည်။

ကျွန်တော်တို့မြန်မာတွေ မညံ့ဘူး။ ဘယ်နေရာမှ နောက်မကျဘူးဆိုတာ ဒီ SEA Game ဖွင့်ပွဲနှင့် ကမ္ဘာကိုပြသနိုင်ခဲ့ပါပြီ။ ဒါပေမဲ့လည်း ကျွန်တော်တို့တစ်တွေ ခရီးရှည်ကြီး ဆက်သွားရပါဦးမည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့သမိုင်းကို ဆက်လက်ရေးသားရပါဦးမည်။ ကျွန်တော်တို့ရဲ့လုံ့လ သွေးချွေးတွေနှင့် တိုင်းပြည်ကိုဆက်လက်တည်ဆောက်ရဦးမည်။ SEA Game က မွေးဖွားပေးလိုက်တဲ့ စိတ်ဓာတ်ခွန်အားတွေနဲ့ နိုင်ငံနှင့်လူမျိုးတို့ရဲ့ တောက်ပတဲ့အနာဂတ်ကို ပုံဖော်ထုဆစ်ရပါဦးမည်။ ဘယ်လိုပဲခက်ခဲပါစေ။

ကျွန်တော်တို့ ကျော်လွှားနိုင်ပါသည်။ ကျွန်တော့်ရင်ထဲမှာတော့ TV မှာလာနေတဲ့ SEA Game သီချင်းလေးလို 'မြန်မာ . . . မြန်မာ. . . မြန်မာတဲ့ဟေ့. . .' ဟု ဟစ်ကြွေးနေမိပါတော့သည်။

**ဆန်းထက်လွင်**

## ဟာသ




### မှန်တာဖြေတာပါ



မောင်တက်လူတစ်ယောက် ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်ရဖို့အတွက် အင်တာဗျူးဖြေနေတဲ့အချိန်။ ကုမ္ပဏီဒါရိုက်တာနဲ့ မောင်တက်လူတို့ အမေးအဖြေလုပ်နေကြတယ် -

'မောင်တက်လူ --- ကမ္ဘာပေါ်မှာ လူတွေဘာဖြစ် လို့ အသက်ရှင်နေနိုင်ကြတာလဲ'

'အဲဒါက --- သူတို့တွေ သေနှစ်မစေ့ကြသေးလို့ပါ ဆရာ'

ကုမ္ပဏီဒါရိုက်တာ မျက်မှောင်ကြုတ်သွားပြီး နောက်ထပ်မေးခွန်းတစ်ခု ထပ်မေးတယ်။

'လောကမှာ အမှန်တရားဆိုတာ ဘာလဲ'

'ဆရာ --- ကျွန်တော့်ကို ကုမ္ပဏီမှာ အလုပ်ခန့်လိုက်ရင် အဲဒါ အမှန်တရားပါပဲ ခင်ဗျာ'

---

### အမြဲတမ်းအေးချမ်းတယ်

လခထုတ်ရက်ဆိုတော့ ဘမူးနဲ့လှထူးတို့ သူငယ်ချင်းနှစ်ယောက် ဘီယာဆိုင်မှာသောက်ရင်းစားရင်း စကားလက်ဆုံကျနေလေရဲ့။ ဘမူးက -

'ဒီနေ့တော့ စောစောပြန်မှဖြစ်မယ် လှထူးရေ --- လခထုတ်ရက်မူးပြီး အိမ်ပြန်နောက်ကျရင် ငါ့မိန်းမက ပြဿနာရှာတယ်ကွ' ပြောတော့ လှထူးပြန်ပြောတယ် -

'ငါ့မိန်းမက ဘယ်တော့မှ ပြဿနာမရှာတတ်ဘူး --



- တစ်ခါမှ စကားမများဖူးဘူး --- အေးအေးပဲ'

ဘမူးတစ်ယောက် အံ့ဩစွာနဲ့ -

'ဟ ဒါဆို မင်းဘယ်လိုများ စည်းရုံးထားတုန်း' မေးလိုက်တော့ လှထူးပြန်ဖြေတာက -

'စည်းရုံးစရာမလိုပါဘူးကွာ --- ငါ့မိန်းမကမွေးကတည်းက စကားမှမပြောတတ်တာ'

### ကိုပေတေရဲ့ရိုက်ချက်




မိဘဘိုးဘွားအစဉ်အဆက် သရက်ခြံစိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုခဲ့တဲ့ ဦးသာဂိ တစ်ယောက် သွေးတိုးရောဂါကြောင့် ကိုယ်တစ်ခြမ်းလေဖြတ်ခံထားရတယ်။ သူ့မိန်းမ ဒေါ်ညိုပုကလည်း ဦးသာဂိကို ပြုစုပေးရတဲ့ဒဏ်တွေ မခံနိုင်တော့လို့ သီလရှင်ဝတ်သွားတာ တစ်နှစ်ကျော်ပြီ။ မွေးထားတာက သမီးတစ်ယောက်တည်း။ သားမက်ဖြစ်သူ ပျင်းထူထူကောင် ကိုပေတေကိုပဲ ခြံလုပ်ငန်းအတွက် အလုပ်သမားတွေကို ဦးစီးပြီး လုပ်ခိုင်းနေရတာပေါ့။ ခြံထဲမှာ သရက်ပင်ပေါင်း ၂၀၀ လောက်ရှိပြီး ကံဆိုးချင်တော့ အပင်အားလုံး သရက်ပိုးကျပါလေရော။ အဲဒီအခါ ဦးသာဂိက သားမက်ဖြစ်သူကို -

'မောင်ပေတေ --- ပိုးကျနေတဲ့ သရက်ပင်တွေ အကုန်လုံးသရက်ပိုးတွေ ပျောက်အောင် ရှင်းလင်းရေးလုပ်လေကွာ --- အားအားရှိ အိပ်နေတာပဲ'

ကိုပေတေ အိပ်ချင်မူးတူးနဲ့ -

'ဟုတ်ကဲ့ အဘ --- ရှင်းလင်းပြီးပါပြီ'

'ဟေ မြန်လှချည်လား --- သရက်ပိုးတွေပျောက်အောင် မင်းဘယ်လိုလုပ်လိုက်တုန်းဟ'

အံ့ဩတကြီးနဲ့ ဦးသာဂိ မေးလိုက်တော့ ကိုပေတေတစ်ယောက် အားရဝမ်းသာစွာနဲ့ -

### မေးမိတာ တောင်းပန်ပါတယ်

မကွေး-ရေနံချောင်း ကားလမ်းမကြီးပေါ်မှာ ရပ်နီးရပ်ဝေးက ဘုရားဖူးယာဉ်တွေ နေ့ညမပြတ် သွားလာနေကြတဲ့ဆောင်းကာလ။ အရိပ်ကောင်းတဲ့ လမ်းမကြီးဘေးတစ်နေရာမှာ ဘုရားဖူးယာဉ်တစ်စီး ရပ်နားနေပါတယ်။ သူတို့သွားမှာက ပုဂံမြို့။ သွားရမယ့် လမ်းကြောင်းမသိတော့ အနီးမှာတွေ့ရတဲ့ နွားကျောင်းသားတစ်ယောက်ကို ကားဆရာက -

'ညီလေး --- ပုဂံမြို့ကို ဘယ်လမ်းကသွားရင်ရောက်လဲ' မေးလိုက်တော့ နွားကျောင်းသားလေးက ချက်ချင်းဆိုသလို အပြည့်အစုံဖြေကြားပုံက -



'ဟုတ်ကဲ့အစ်ကို --- ပုဂံကို ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်း ကြိုက်တဲ့လမ်းကသွားပါ။ ရောက်ပါတယ်' တဲ့ဟုသတည်း။

---

'ပိုးကျတဲ့သရက်ပင်တွေ အကုန်လုံးခုတ်ပြီး မီးရှို့လိုက်တယ် အဘရေ --- ကျန်ခဲ့တဲ့ မီးသွေးတွေ မြို့တက်ရောင်းတာ တော်တော်တွက်ခြေကိုက်ခဲ့တယ်ဗျ'

ဒီစကားကြားပြီးပြီးချင်း ဦးသာဂိတစ်ယောက် သိဒ္ဓိမြောက်ပြီး တစ်ကိုယ်လုံးလေဖြတ်ပါရောလား။

**လွှမ်းတိုး**


## စာမူ နှင့် သတင်းများ ဖိတ်ခေါ်ပါသည်



ရွှေစက်မှုဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ Internet သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသ စာမူများနှင့် စက်ရုံနယ်မြေအလိုက်သတင်းများ၊ သတင်းဓာတ်ပုံများကိုဂျာနယ်တိုက်သို့လည်းကောင်း၊ shwesethmu@gmail.com သို့လည်းကောင်း ပေးပို့နိုင်ကြောင်းဖိတ်ခေါ်အပ်ပါသည်။

စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန် ဖုန်းနှင့် လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

(ရွှေစက်မှုဂျာနယ်)

# မသိလျှင် သိအောင်ကြံ၊ မရှိလျှင် ရှိအောင်ဖန်








**စိမ်းစိုဦး**

ဤဆောင်းပါးစာစုတိုလေးမှာ အကျယ်ချဲ့ကားကာ ရေဆုံးရေဖျားနှိုက်နှိုက်ချွတ်ချွတ် ပီပြင်အောင်တွေးခေါ်မြော်မြင်ရေးသားဖော်ပြနိုင်စွမ်းရှိပါက ကျမ်းစာအုပ်ကြီးတစ်အုပ် ပေစာထုပ်ကြီးတစ်ထုပ်ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မသိလျှင်သိအောင်ကြံဆိုသည်မှာ လူလောကကြီးအတွင်း လူတို့ကြိုးစားပမ်းစားဆောင်ရွက်ကြရသည့် သိစရာ၊ တတ်စရာများအတွက် သိသင့်သိထိုက်သော သိစရာတို့၏သဘောတရား နည်းလမ်းစနစ် လုပ်ငန်းသဘာဝ လုပ်နည်းလုပ်ဟန်များကို ဖူလုံပြည့်စုံစွာ၊ ထဲဝင်ခြေမြစ်စွာ သိရှိနားလည်ကြေညက်ရမည့် ဧရာမကိစ္စကြီးကမ္ဘာကြီးလောက်ကြီးကျယ်၍ သမုဒ္ဒရာများအားလုံးပေါင်းထက် ကျယ်ပြန့်နက်ရှိုင်းလှသောသိမှုနယ်ပါယ်ကြီး သိကောင်းစရာအသိပညာလောကကြီး ဖြစ်နေ၍တည်း။

လူသားတို့ကမ္ဘာတွင် သိမှုနယ်ပါယ်ကြီးကျယ်ပြန့်လှ၏။ လူတိုင်းနားလည်နိုင်တွေးဆမြော်မြင်နိုင် တွက်ကြည့်၍လက်လှမ်းမီနိုင်သော သိမှုနယ်ပယ်တစ်ခု၊ ဘာသာရပ်တစ်ခုကို နမူနာအဖြစ်တင်ပြကြည့်ပါရစေ။ ကျန်းမာသန်စွမ်း၍ ကိုယ်ခန္ဓာအင်္ဂါအစိတ်အပိုင်းမချို့ယွင်း ဒုက္ခိတမဟုတ်သူတိုင်း လူတိုင်းအလွယ်တကူပြေးတတ် ပြေးနိုင်ကြပါသည်။ သို့သော် အပြေးချန်ပီယံဖြစ်ရေး၊ အပြေးလူစွမ်းကောင်းဖြစ်ရေး၊ အပြေးအားကစားနှင့်အောင်မြင်ရေး၊ အပြေးကျွမ်းကျင်သူဖြစ်ရေးအတွက် အပြေးပညာ၊ အပြေးသဘောတရား၊ အပြေးနည်းလမ်းစနစ် အပြေးလေ့ကျင့်နည်း၊ အပြေးနှင့်ကိုယ်ခန္ဓာဆက်နွယ်မှု စသည်စသည်ဖြင့် အပြေးနှင့်ပတ်သက်၍ သိစရာ သိမှုနယ်ပါယ် အလွန်ကျယ်ပြောစွာရှိ၏။

အပြေးနှင့်မယဉ်ပါး အပြေးအလေ့အကျင့်မရှိသည့် သာမန်လူများသည် လူတိုင်းလုပ်နိုင်၍ အလွယ်တကူလုပ်တတ်မည်ဟုထင်ထားသော အပြေးအလုပ်ကို အနိမ့်ဆုံး ပုံကျပန်းကျပင်မပြေးတတ်ကြချေ။ ဌာနဆိုင်ရာ စက်ရုံများတွင် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများအပြီးတွင် ဧည့်သည်တော်များ အပျော်ပြေးပြိုင်ပွဲပါတတ်၏။ ရာထူးရာခံရှိသူများ၊ ဧည့်သည်တော်များ၊ ပညာရှင်များ၏ပြေးပွဲကို လေ့လာကြည့်ရှုအားပေးဖူးကြပါမည်။ ရယ်စရာအကောင်းဆုံး၊ ပြေးပုံပြေးပေါက်၊ ပြေးနည်းပြေးဟန်များကို မြင်တွေ့ရှုစားကြရပါမည်။ ပြေးတော့ပြေးကြပါ၏။ စနစ်တကျမဟုတ်။

လူကြီးများအား စနစ်တကျမပြေးရကောင်းလားဟု သရော်စော်ကားလုပ်လိုသောသဘောနှင့် တင်ပြခြင်းမဟုတ်ချေ။ အလွယ်ကူဆုံးဖြစ်၍ လူတိုင်းလုပ်နိုင်သော အပြေးလုပ်ငန်းတွင်ပင် သိစရာ၊ နားလည်စရာ၊ ရှောင်စရာ၊ ဆောင်စရာ၊ သဘောတရားနည်းလမ်းစနစ် ကျယ်ပြောစွာရှိနေပါကြောင်း နမူနာထုတ်ပြခြင်းသာဖြစ်ပါသည်။ သည်မျှလွယ်ကူသော အပြေးအလုပ်တွင်ပင် နည်းစနစ်များပြားရှိနေလျှင် အခြားဘယ်ဘာသာရပ်များတွင် မဆို သိစရာများ တလှေကြီးရှိနေမည်ဖြစ်ကြောင်းနားလည်၍ရ၏။

လယ်လုပ်ကိုင်စားသောက်သောတောင်သူလယ်သမားဦးကြီးများ၊ ငါးဖမ်းအလုပ်နှင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ သားကောင်ဖမ်းမုဆိုးလုပ်စားသူများ၊ အခြားအဆင့်မြင့် အသိပညာအတတ်ပညာ စစ်ရေး၊ စက်မှု၊ ကျန်းမာရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ တေးဂီတ၊ စာပေ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ဆောက်လုပ်ရေး၊ ပညာရေးဘာသာရပ်များတွင်လည်း သိစရာ၊ နားလည်စရာ၊ ပညာသဘောတရား၊ နည်းလမ်းစနစ် လုပ်နည်းလုပ်ဟန်များ များမြောင်ကျယ်ပြောစွာ ရှိနေပါမည်။

ကျွန်တော်တို့နှင့်အနီးကပ်ဆုံးမှာ နိစ္စဓူဝ လူလူချင်းပေါင်းသင်းဆက်ဆံနေရသော လူမှုဆက်ဆံရေးနယ်ပါယ်ကြီး ရှိနေပါသည်။ နေ့စဉ်ထိစပ်ဆက်ဆံနေရသည့် လူမှုရေး၊ ဆက်ဆံရေး၊ လူ့ယဉ်ကျေးမှုတွင် ကျွန်တော်တို့သည် အားလုံးနှင့်အဆင်ပြေချောမွေ့အောင် သဟဇာတသပ္ပါယညီညွတ်မျှတအောင် စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်အောင် သူ့အကျိုးကိုယ့်အကျိုး ဖြစ်ထွန်းအောင်မြင်အောင် မဆက်ဆံတတ်ကြချေ။ လူမှုဆက်ဆံရေးဘာသာရပ်အတွက် သိစရာ၊ နားလည်စရာသဘောတရား၊ နည်းလမ်းစနစ် လုပ်ငန်း၏သဘောသဘာဝ များကို အကျေအလည်ပပ်ပပ်နပ်နပ် ထဲဝင်ခြေမြစ်စွာ ဖူလုံလောက်ငစွာ မသိနားမလည် လက်လှမ်းမမီကြချေ။ မိမိ၏သက္ကာယဒိဋ္ဌိ၊ အတ္တနော မတိ အတ္တမာန်မာန ကိုယ်ကျိုးစီးပွား ကိုယ့်စိတ်ကြိုက်ကို ဦးစာပေးတတ်ကြခြင်းကြောင့် လူမှုဆက် ဆံရေးအဆင်မပြေမှုများ၊ ပြဿနာများ၊ စိတ်တိုင်းမကျမှုများ၊ အဖုအကြိတ်အစိုင်အခဲများ ကြုံတွေ့နေကြခြင်းဖြစ်ပါသည်။ သိသင့်သိထိုက်သည်များကို မသိနားမလည်ကြခြင်းသဘောဖြစ်ပါသည်။ဆိုရသော်. . . . . ။

ဆောင်းပါး၏ခေါင်းစဉ်အရ မသိလျှင်သိအောင်ကြံရမည်ဖြစ်သည်။ ကြံဆိုသည်မှာ သိမှုနယ်ပါယ် သိစရာကို သိအောင်ရှာကြံရမည်။ လေ့လာစူးစမ်းစေ့ငုသင့်သည်ဟု ဆိုလိုပါသည်။ လူသည် လူ့ကမ္ဘာမှ လူတို့၏အသိပညာ အတတ်ပညာအားလုံးကို သိနိုင်စွမ်း၊ နားလည်နိုင်စွမ်း၊ တတ်နိုင်စွမ်းမရှိချေ။ လူတွင်အကန့်အသတ်ရှိပါသည်။ စူပါမင်းမရှိချေ။ လူသည် လူလောက်သာတတ်နိုင်၊ သိနိုင်ကြမြဲဖြစ်ပါသည်။

သို့သော် မိမိနှင့်ပတ်သက်ရာ၊ နှီးနွယ်ထိစပ်ရာ၊ မိမိဝါသနာပါရာ၊ မိမိအောင်မြင်မှုရှာရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကျင်လည်ကျက်စားရာ ဘာသာရပ်များတွင် သိစရာများကို သိရှိနားလည်အောင် နှံ့စပ်ကြေညက် ထဲဝင်ခြေမြစ်အောင် ပပ်ပပ်နပ်နပ် ပြည့်စုံဖူလုံအောင် ကြံရမည်။ ရှာဖွေစူးစမ်းရမည်။ လေ့လာအားထုတ်ရမည်။ စာအုပ်စာပေထဲကရရ နားလည်ကျွမ်းကျင်သူဆရာသမားထံကရရ သင်တန်းများ၊ ကျောင်းများကရရ မသိလျှင်သိအောင် ကြံစည်ကြိုးစားရန် လောကတာဝန်၊ ဘဝတာဝန် မိမိ၏လူသားတာဝန်အရ တာဝန်ရှိပါမည်။ ပြည့်စုံဖူလုံအောင် မရှာကြံနိုင် မလေ့လာနိုင်ပါက ဘဝတွင် ကျေနပ်ကြည်နူးဖွယ်အောင်မြင်မှုကို ရနိုင်လိမ့်မည်မဟုတ်ချေ။

လောကုတ္တရာ တရားဓမ္မဝိပဿနာအလုပ်တွင်ပင် ဝိပဿနာတရား၊ ဓမ္မဆိုင်ရာတရား၊ ဓမ္မ၏သဘောတရား နည်းလမ်းစနစ်သိစရာများကို သိအောင် တရားနာရ၊ စာအုပ်စာပေဖတ်ရ လေ့လာသင်ယူရ၏။ ပြီးမှ လက်တွေ့ပိုင်းစခန်းဝင် တရားထိုင်လုပ်ကြရမြဲ မဟုတ်ပါလား။

မရှိလျှင်ရှိအောင်ဖန် ဆိုသည်မှာ လက်တွေ့လုပ်ငန်းပိုင်းဖြစ်၍ မသိ၍သိအောင်ကြံဆ လေ့လာသင်ယူထားသော ပညာရပ် ဘာသာရပ်ဆိုင်ရာသဘောတရား နည်းလမ်းစနစ် လုပ်နည်းလုပ်ဟန်အတိုင်း လက်တွေ့ဖန်တီးတည်ဆောက်ရန် အရည်အချင်းပြည့်မီအောင် ကျွမ်းကျင်နိုင်နင်းအောင် ကျင်လည်အောင်အားထုတ်သည့် အပိုင်းဖြစ်ပါသည်။ ဆိုရသော်. . . . . ။

ဒီအက်အေ တက်ထား၍ စစ်ဗိုလ်ဖြစ်ခြင်းမှာ စစ်ပညာကိုသိအောင်ကြံဆလေ့လာသင်ယူထားမှု ဖြစ်ပါသည်။ စစ်မြေပြင်တွင် စစ်ပွဲဆင်နွှဲတိုက်ခိုက်ခြင်းမှာ လက်တွေ့ကွင်းဆင်း အစစ်ဆေးခံခြင်း၊ မှတ်ကျောက်တင်ခံခြင်း၊ အရည်အချင်းကို စမ်းသပ်ခြင်းဖြစ်ပါသည်။ သဘောတရားအသိနှင့် လက်တွေ့လုပ်ကိုင်ဆောင်ရွက်သည့် သဘောပင်ဖြစ်ပါသည်။

စာပေလုပ်ငန်းသဘောသဘာဝနှင့် ထင်ဟပ်ဖော်ပြလျှင် ပို၍မြင်သာထင်သာရှိမည်ထင်ပါသည်။ စာရေးဆရာဖြစ်နည်း နိဿရည်းမှာ ရွှေးရိုးလမ်းအိုလမ်းဟောင်းကြီး၏ စာရေးဆရာအဖြစ်ကို 'စုတုပြု' ဆိုသည့် စကားသုံးလုံးနှင့် အနှစ်ချုပ်ထားပါသည်။ 'စုတုပြု' မှာ စာရေးဆရာလုပ်နည်းတည်း။

'စု' ဆိုသည်မှာ မသိလျှင်သိအောင်ကြံသဘောဖြစ်၏။ စာပေဗဟုသုတ၊ စာပေသဘောတရား၊ စာပေအတတ်ပညာ၊ စာပေလုပ်ငန်း လုပ်နည်း လုပ်ဟန်၊ စာပေသဘောသဘာဝများကို သိရှိနားလည်အောင် လေ့လာဖတ်ရှုကာ စာပေဝမ်းစာပြည့်အောင် စာပေအတတ်ကို လုပ်တတ်၊ ကိုင်တတ်ဖြစ်အောင် ရှာကြံစုဆောင်းခြင်းဖြစ်ပါသည်။ လေ့လာအားကောင်းရ၊ စာဖတ်နာရ၊ စာကောင်းပေမွန်များကို စူးစမ်းစေ့ငုကြရ၏။ နှံ့စပ်ရ၏။ အားထုတ်ရ၏။

'တု' အဆင့်မှာ လက်တွေ့ပိုင်း၏အစဖြစ်ပါသည်။ မိမိလေးစားကြည်ညိုနှစ်သက်သဘောကျသော နိုင်ငံကျော်စာရေးဆရာကြီးတစ်ဦး၏ ရေးဟန်၊ ခင်း

**စာမျက်နှာ ၁၅ သို့ -**



# ကျွန်မဘဝ၏ ခြေလှမ်းအစ



ကျွန်မဘဝ၏ ခြေလှမ်းအစဆိုတဲ့ ဆောင်းပါးလေးရဲ့ ခေါင်းစဉ်အတိုင်းပါပဲ ကျွန်မဘဝရဲ့ခြေလှမ်းအစမှာ 'ရွှေစက်မှုဂျာနယ်' နဲ့ပထမဦးဆုံး သိခွင့်ရခဲ့တာပါ။ ဂျာနယ်လေးမှာ စက်မှုကဏ္ဍမျိုးစုံနဲ့ ဗဟုသုတစာပေအသီးသီးကို ဖတ်ခွင့်ရတော့ ကျွန်မသဘောကျနှစ်သက်မိတယ်။ ကျွန်မက အစိုးရဝန်ထမ်းတစ်ဦးပါ။ အစိုးရဝန်ထမ်းဆိုတာ နိုင်ငံရဲ့တာဝန်ကို စေလိုရာစေဆိုပြီး တာဝန်ကျေပြွန်အောင် ထမ်းဆောင်ရမှာပဲမဟုတ်လား။

ကျွန်မ အစိုးရပေးတဲ့တာဝန်ကိုလည်း ထမ်းဆောင်ရင်း အခုလို 'ရွှေစက်မှုဂျာနယ်' လေးမှာလည်း ဆောင်းပါးရေးခွင့်ရလိမ့်မယ်လို့ မထင်ထားခဲ့ပါဘူး။ ကျွန်မ အခုလို 'ရွှေစက်မှုဂျာနယ်' ကိုသိခွင့်ရခဲ့တာကတော့ အမှတ် (၁၆) အကြီးစားစက်ရုံ ၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ ဆင်တဲ (ဆေးပေးခန်း) မှာ သူနာပြုဆရာမလေး တစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရခဲ့လို့ပါပဲ။

ကျွန်မက တောကျွဲအင်းမြို့လေးမှာ မွေးဖွားခဲ့တာပါ။ ကျွန်မမှာ ဖေဖေ၊ မေမေနဲ့ညီအစ်ကိုမောင်နှမ ကျွန်မအပါအဝင် ၇ ယောက်ရှိပါတယ်။ မောင်နှမ ၇ ယောက်ထဲမှာ ကျွန်မကလူတွေကို အကြောက်ဆုံးဖြစ်သလို၊ စိတ်အားငယ်တဲ့နေရာမှာ နှစ်ယောက်မရှိပါဘူး။ ကျွန်မသူနာပြု/သားဖွားသင်တန်းကို တောင်ငူမြို့မှာ တက်ခဲ့ပါတယ်။ သင်တန်းတက်ရတဲ့ အချိန်မှာ စိတ်ညစ်စရာတွေလည်းရှိသလို ပျော်စရာတွေလည်း ရှိတာပေါ့နော်။

ကျွန်မသူနာပြုသင်တန်းဆင်းပြီး တစ်နှစ်ပဲစောင့်လိုက်ရတယ်။ အမှတ် (၁၆) အကြီးစားစက်ရုံ၊ ဆင်တဲ (ဆေးပေးခန်း) ကို တာဝန်ထမ်းဆောင်ဖို့ order ကျလာပါတော့တယ်။ ကျွန်မက လူတွေကို ကြောက်တတ်တဲ့စိတ်ရှိတယ်။ အပေါင်းအသင်းသိပ်မထားတတ်ဘူး။ အေးအေးဆေးဆေးပဲ သဘောကျတယ်။ လူတွေနဲ့ဆက်ဆံရမှာကိုကြောက်တာက ငယ်ငယ်လေးကတည်းကပါ။ လူတွေက ငါ့ကိုဘယ်လိုမြင်မလဲ၊ ပေါင်းသင်းဆက်ဆံရတာ အဆင်ပြေပါ့မလားဆိုတဲ့ အတွေးတွေနဲ့ လူတွေရဲ့စိတ်ကိုကြိုတွေးပြီး ကြောက်ခဲ့တာ၊ သင်တန်းဆင်းပြီးတုန်းကလည်း ကျန်းမာရေးကသိပ်မကောင်းတာနဲ့ အိမ်က အလုပ်ပေးမလုပ်ခဲ့တော့ လူမှုဆက်ဆံရေးလည်း သိပ်မရှိခဲ့ဘူး။ တာဝန်ကျလာပြီဆိုတော့ အိမ်က ဖေဖေ၊ မေမေနဲ့မောင်နှမတွေက မဖြစ်မနေပေးလွှတ်ရတယ်။ အိုး ကျွန်မတာဝန်ကျတဲ့နေရာ က 'ဆင်တဲ' တဲ့။ တစ်ခါမှမကြားဖူးဘူး။ ကျွန်မက ပဲခူးတိုင်းဒေသကြီးရဲ့ အရှေ့ဘက်ခြမ်း တောကျွဲအင်းမြို့မှာနေတာ။ ကျွန်မ order ကျလာတဲ့အချိန်မှာတော့ ကျွန်မ ဘားအံမြို့မှာ ရောက်နေခဲ့တယ်။ ဆင်တဲဆိုတာမသိတော့ စုံစမ်းရတော့တာပေါ့။ 'ပြည်မြို့မှာ နဝဒေးတံတားကိုကျော်ရင် ဆင်တဲကိုရောက်ပြီ' လို့ပြောကြတယ်။ အဲဒါနဲ့ပဲ ကျွန်မအစ်မနဲ့ ကျွန်မ ဘားအံမြို့ကနေ ည ၇ နာရီကားစီးပြီး ထွက်လာခဲ့တယ်။ ရန်ကုန်ကို မနက် ၂ နာရီခွဲရောက်ပြီး ရန်ကုန်ကနေ ပြည်ဘက်ထွက်တဲ့ကားကို မနက် ၃ နာရီခွဲမှာ စီးလာခဲ့တယ်။ တစ်ခါမှမရောက်ဖူးတဲ့ဒေသဆိုတော့ ကြောက်နေတာအမှန်ပါပဲ။ ကားဆရာကို ဆင်တဲကိုသိလားလို့မေးတော့ အင်း သိတယ်တဲ့။ ဒီလိုနဲ့ပြည်မြို့ကို မနက် ၁၀ နာရီရောက်ပြီး ကားဆရာလည်း ဆင်တဲကိုသေသေချာချာ မသိဘူးထင်ပါတယ်။ ကျွန်မတို့ ညီအစ်မကိုခေါ်သွားလိုက်တာ ဥဿချစ်ပင်လမ်းဆုံတဲ့။ အိုး ကျွန်မတို့ တစ်ခါမှမရောက်ဖူးတော့ မိုးချုပ်မှာလည်းကြောက်တယ်။ ပြီးတော့ မိန်းကလေးနှစ်ယောက်တည်းလေ။ အဲဒီဂိတ်က ဦးကြီးကိုမေးတော့မှ

'ဆင်တဲကျန်ခဲ့ပြီ သမီးတို့ရဲ့။ နေပါဦး သမီးတို့က မသိဘူးလားတဲ့'

'ဟုတ်ကဲ့၊ သမီးတို့က အခုမှတာဝန်ကျလို့လာရတာ။ ဆင်တဲကိုမသိဘူး'

'ဪ ဟုတ်လား။ ဒါဆို ဦးကားတားပေးမယ်။ ခဏစောင့်လိုက်ကြဦး' တဲ့။

အန်တီကြီးတစ်ယောက်ကလည်း ကားစောင့်နေပြီး ဖော်ရွေလိုက်တာ၊ စကားပြောလို့ကောင်းတယ်။ ကျွန်မတို့ အရမ်းပျော်သွားတာပဲ။ သဘောကောင်းပြီး ဖြူစင်တဲ့စိတ်ဓာတ်ရှိတဲ့ လူတွေနဲ့တွေ့ရတာ အရမ်းကိုကံကောင်းတာပါပဲ။

ဒီလိုနဲ့ကားလာတော့ အန်တီကြီးနဲ့ဦးလေးကြီးက ကားပေါ်ပစ္စည်းတွေ လိုက်တင်ပေးပါတယ်။ ကားက ဆန်ကားကြီးပေါ့။ ကားပေါ်ကအန်တီတွေကလည်း စကားပြောရတာ အဆင်ကိုပြေနေတာပဲ။ အရမ်းကိုသဘောကောင်းကြတယ်။ လူအမျိုးမျိုး စိတ်အထွေထွေမဟုတ်လား။ တချို့က လမ်းမသိလို့မေးရင် မသိချင်ယောင်ဆောင်သွားတတ်ကြတယ်။ တချို့က လမ်းမသိတဲ့လူကို အမြတ်ထုတ်ချင်ကြတယ်။ ဒါပေမဲ့ ကျွန်မတို့ကတော့ သဘောကောင်းတဲ့လူတွေနဲ့ပဲ တွေ့ခဲ့ရတယ်။ ဒီလိုနဲ့ ကွေ့တစ်ခုကိုရောက်လာခဲ့တယ်။ အဲဒီကနေ ဆိုင်ကယ် Taxi နဲ့ငှားပြီး ဆင်တဲ (ဆေးပေးခန်း) ကို ရောက်လာခဲ့တယ်။ ဆေးခန်းအရှေ့ဘက်က အိမ်လေးကို ဆိုင်ကယ် Taxi သမား လိုက်ပို့ပေးခဲ့တယ်။

'ဆရာမ ဆရာမ ဒီမှာ ဆရာမအသစ်လေး ရောက်လာတယ်တဲ့'

ဆိုင်ကယ် Taxi သမားခေါ်လိုက်တော့ အစ်မတစ်ယောက် အိမ်ထဲကနေထွက်လာခဲ့တယ်။

'လာ လာ ညီမတို့။ အိမ်ပေါ်တက်၊ အထုပ်တွေမပါဘူးလား'

'ပါတယ် အစ်မ။ နောက်မှာဆိုက်ကားဦးလေးကြီးသယ်လာခဲ့တယ်'

'အေး အေး လာ ဒီမှာထိုင်'

ဆိုပြီး ဖျာခင်းပေးခဲ့တယ်။ ဆိုင်ကယ် Taxi သမားကတော့-

'ကဲ အစ်မတို့ ကျွန်တော့်ကိုခွင့်ပြုပါဦးနော်'

ဆိုပြီး ပြန်သွားခဲ့တယ်။ တအောင့်နေတော့ ဆိုက်ကားသမားဦးလေးကြီးရောက်လာပြီး အထုပ်တွေချပေးတယ်။ ကျွန်မတို့လည်း အမောဖြေတာပေါ့။ အစ်မကပြောတယ်။

'ညီမလေးနေရမှာက ဟိုဘက်အခန်းပဲ။ အစ်မတို့က ညီမကိုမျှော်နေတာ'

'ဟုတ်လား အစ်မ။ ညီမဆီ order က လကုန်မှရောက်တာကြောင့်လေ'

'အေး အေး ညီမတို့နားလိုက်ဦးနော်။ မနက်ဖြန်ရောက်ရင်တော့ ဒီက staff အစ်မနဲ့တွေ့ပေးမယ်။ ဒေါက်တာကတော့ ခွင့်ယူထားတယ်'

တဲ့။ အစ်မက အရမ်းသဘောကောင်းတာပဲ။ ကျွန်မစိတ်ထဲမှာ ကြောက်နေတာတွေ အခုမှပဲ အကြောက်ပြေတော့တယ်။ အိမ်လုံးချင်းလေးမှာ အစ်မရယ်၊ ကျွန်မတို့ညီအစ်မရယ် အတူတူနေကြတာပေါ့။ ဆင်တဲရွာက သာယာလိုက်တာ။ တောင်တန်းလေးတွေနဲ့ တောင်ကုန်းတောင်တက်တွေနဲ့။ ရှုခင်းလေးတွေကလည်း လှလိုက်တာ။ သီးပင်စားပင်ပေါတယ်။ ဩဇာသီးပင်တွေ အရမ်းပေါတယ်။ ကျွန်မနေတဲ့ ခြံထဲမှာလည်း ဩဇာသီးပင်တွေနဲ့ ငှက်ပျောပင်တွေနဲ့ စိမ်းစိုနေတာပဲ။ ဆေးပေးခန်းကလည်း လေဝင်လေထွက်ကောင်းပြီး နေရထိုင်ရ သက်တောင့်သက်သာရှိတယ်။ ကျွန်မတို့ညီအစ်မလည်း ဒီရွာလေးကို သဘောကျနေမိတယ်။ ဟင်းသီးဟင်းရွက်

စာမျက်နှာ ၁၆ သို့ -

စာမျက်နှာ ၁၄ မှ -

ကျောင်းတင်ပြပြဋ္ဌာန်း ပုံစံနှစ်ကိုအမှီသဟဲပြု တုပစံပြု၍ ရေးကြည့်ခြင်းဖြစ်ပါသည်။ မိမိမှာလက်သင်ဖြစ်၍ အသစ်မတီထွင်နိုင်သေးချေ။ ကိုယ်ပိုင်ဟန်နှင့်မရေးတတ်သေး။ ထို့ကြောင့် တုပ၍ကလောင်သွေးရ မြေစမ်းခရမ်းပျိုးရ၏။ နှစ်အတန်ကြာမှ ဖော်ပြခံရမှုများလာ လက်ရဲလာသော အခါမှ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ပုံစံ၊ ကိုယ်ပိုင်နည်းလမ်းကိုသုံးနိုင်၊ ရေးသားပြုစုနိုင်၊ တီထွင်ဆန်းသစ်နိုင်လာ၏။ 'ပြု' အဆင့်စာရေးဆရာအဖြစ်သို့ရောက်လာ၏။

အတတ်ပညာတိုင်း၊ အသိပညာတိုင်း၊ ဘာသာရပ်တိုင်းကို လေ့လာလိုက်စားသူတိုင်းသည် အစကအစိမ်းသက်သက်ဖြစ်ကာ ဘာမှမသိနားမလည် လက်လှမ်းမမီဖြစ်နေပါမည်။ လေ့လာလိုက်စားရန် စိတ်ဝင်တစားဝါသနာပါ စိတ်အားထက်သန်ပါက မသိသေးသည်ကို သိအောင်ကြိုးသောအားဖြင့် လေ့လာသင်ယူရန်သာရှိပါသည်။ ခက်သည်ဖြစ်စေ၊ လွယ်သည်ဖြစ်စေ သိအောင်ကြိုးစည်ကြိုးစားရမည့် တာဝန်ဖြစ်ပါသည်။

သိပြီး၊ သင်ယူပြီး၊ လေ့လာပြီး၊ နားလည်ပြီးပါက အရည်အချင်းပြည့်မပြည့် ဝမ်းစာပြည့်မပြည့် တကယ်လုပ်နိုင် မလုပ်နိုင် လက်တွေ့စမ်းသပ်လုပ်ကိုင်ကြည့်မှုမှာလည်း ထိုပုဂ္ဂိုလ်၏ ဇွဲ၊ စိတ်ဓာတ်၊ အားမာန်၊ စွမ်းဆောင်ရည်အတိုင်းသာဖြစ်၏။ ဘယ်ကြက်ဖမှ ပေါက်ဖွားစကတည်းက တွန်ပြနိုင်ကြသည်မဟုတ်ချေ။

**စာမျက်နှာ ၁၅ မှ -**

တွေပေါ်ပြီး ဈေးလည်းချိုတယ်။ ထူးခြားတာက ဒီရွာကလူတွေပဲ။ အရမ်းကိုသဘောကောင်းကြတယ်။ ကျွန်မတို့ညီမနှစ်ယောက်နားပြီး ညနေဘက်ဈေးဝယ်သွားခဲ့တယ်။ ဈေးမသိတော့ မေးသွားတာပေါ့နော်။ ဈေးထဲကလူတွေက ကျွန်မတို့ညီအစ်မနှစ်ယောက်ကို ဧည့်သည်မှန်း တန်းသိကြတယ်။ ဖော်ရွေတယ်။ ကူညီကြတယ်။ စတိုးဆိုင်ကအစ်မက ကျွန်မတို့ညီအစ်မကို ဈေးဝယ်ပြီးတော့ ဆိုင်ကယ်နဲ့တောင် လိုက်ပို့ပေးသေးတယ်။ တကယ်ပါ။ ကျွန်မ ဒီလိုသဘောကောင်းတဲ့လူတွေကို မကြုံဖူးဘူး။ စိတ်ကောင်းရှိလိုက်တာ။

နောက်တစ်နေ့ staff အစ်မနဲ့ train၊ အစ်မနဲ့ရုံးမှာ ကျွန်မအလုပ်စဝင်လို့ သတင်းပို့ခဲ့တယ်။ Form ဖြည့်တောလည်း ရုံးကအရာရှိတွေ၊ ရုံးဝန်ထမ်းတွေက ဖော်ရွေလိုက်တာ။ ကျွန်မ Form ဖြည့်ပေးတဲ့ အစ်မနာမည်က သူတို့ခေါ်တာတော့ မိဝိုင်းတဲ့။ နာမည်နဲ့လိုက်ပါတယ်။ ဝဝတုတ်တုတ် မျက်နှာဝိုင်းလေးနဲ့ အရမ်းသဘောကောင်းတာပဲ။ ကျွန်မကိုရုံးက ဝန်ထမ်းတွေက သေးသေးလေးဆိုပြီး ချစ်ကြတယ်။ ကျွန်မတို့ဆေးပေးခန်းက တာဝန်ကျနေတဲ့ အစ်မတွေနာမည်ကတော့ ကျွန်မနဲ့ အတူတူနေတဲ့ အစ်မနာမည်က 'မသင်းသင်းမော်'။ ကျွန်မတို့ staff အစ်မနာမည်က 'မညိုညိုလတ်' တဲ့။ Male staff အစ်ကိုကြီးနာမည်က 'ကိုအောင်သူလင်း' တဲ့။ ပြီးတော့ စာရင်းသွင်းတဲ့ 'ဦးတိုရှိဘာ' ရယ်၊ 'ဦးကျော်လွင်ဦး' ရယ်၊ ဓာတ်ခွဲမှူး 'အန်တီမြသန်း' ရယ်၊ 'ဦးကျော်ကြီး' ရယ် ရှိတယ်။ အစ်ကိုတွေ အစ်မတွေ အားလုံး သဘောကောင်းကြတယ်။

ဒေါက်တာနာမည်က 'ဒေါ်ခင်စမ်းမူ' တဲ့။ ဒေါက်တာက အရမ်းသဘောကောင်းပြီး သူ့ရဲ့ငယ်သားတွေကို ငဲ့ညှာတယ်။ လူနာတွေအပေါ် စေတနာထားတယ်။ ဒါနဲ့ ကျွန်မ Form ဖြည့်ဖို့ လိုင်စင်ပုံလိုတော့ ညနေဘက် Blue staff အစ်မရဲ့အိမ်မှာ လိုင်စင်ပုံသွားရိုက်ခဲ့တယ်။ အဲဒီမှာလည်း အစ်မရဲ့အဖေနဲ့အမေက သဘောကောင်းပြီး ဖော်ရွေတာတွေ့ရတယ်။ အစ်မတို့အိမ်ရဲ့ အနောက်ဘက်မှာ ဧရာဝတီမြစ်ကြီး။ ကျွန်မ အံ့သြသွားတယ်။ ဒီရွာကလူတွေက မြစ်ရေကိုကျိုသောက်ရတယ်။ မြစ်ရေက အဝတ်လျှော်ရင် အဝတ်စားအဖြူတွေဆိုရင် ဖြူဖွေးသွားတာပဲ။ မယုံမရှိနဲ့နော်။

ကျွန်မဆင်တဲ (ဆေးပေးခန်း) ကို ရောက်တာ တစ်လတောင်မပြည့်သေးပါဘူး။ အမှတ် (၁၆) အကြီးစားစက်ရုံက စက်ရုံဝန်ထမ်းတွေက respect ရှိကြတယ်။ သူတို့ဆီက အပြုံးလေးတွေကိုရရင် ကျွန်မ ပျော်တာပဲ။ တကယ်ပါ။ အပြုံးဟာ လူမှုဆက်ဆံရေးမှာ သိပ်ကိုအရေးပါပါတယ်။ အပြုံးဟာ လူတစ်ယောက်ကို အသိအမှတ်ပြုတယ်လို့ သွယ်ဝိုက်ပြီး ဖော်ပြနေသလို ဆက်ဆံရေးကိုလည်း နွေးထွေးစေပါတယ်။ အဲဒါကြောင့်မို့ လူတစ်ယောက်နဲ့တစ်ယောက် ဆက်ဆံတဲ့အခါမှာ ပြုံးဖို့မမေ့ပါနဲ့နော်။ လူသားတွေက **'မှန်'** လိုပါပဲ။ မှန်ထဲမှာ ကိုယ်က ပြုံးပြရင် မှန်ထဲကပုံရိပ်က ပြုံးပြမှာပဲ။ ဆန့်ကျင်ဘက် မမဲ့ပြပါဘူးနော်။ ကျွန်မလေ စက်ရုံဝန်ထမ်းတွေရဲ့ နွေးထွေးတဲ့အပြုံးလေးတွေကြောင့် အလုပ်လုပ်ရာမှာ ခွန်အားတွေရှိသလို ခံစားမိပါတယ်။ သူတို့ရဲ့ အပြုံးဟာ ကျွန်မအတွက် အားဆေးတစ်ခွက်ပါပဲ။ ဒေါက်တာကိုမမြင်ရခင်တုန်းက ကြောက်နေမိပေမဲ့ ဒေါက်တာကိုတွေ့လိုက်တော့ ကျွန်မရဲ့သွေးသားရင်းတစ်ယောက်ကိုတွေ့လိုက်သလို ခံစားမိပါတယ်။ ကျွန်မက ဓာတ်ခွဲမှူး အန်တီမြနဲ့ အဖွဲ့ကျပြီး ဂျာကုန်းဘုန်းကြီးကျောင်းမှာ တစ်နာရီတရားစခန်း သွားထိုင်ဖြစ်ခဲ့တယ်။ လူတွေက တစ်နေကုန်အကုသိုလ်တွေ ကုသိုလ်တွေနဲ့ မအားမလပ်ဖြစ်နေခဲ့တာမဟုတ်လား။ တရားအလုပ်ကို မေ့လျော့နေတတ်ကြတယ်လေ။ အခုလို တစ်နာရီတရားစခန်းကိုတော့ လူတွေထိုင်ဖြစ်မိကြမှာပါ။ ဒါကြောင့် မအားလပ်တဲ့ လူတွေလည်း တစ်နေ့ကိုအိမ်မှာပဲဖြစ်ဖြစ် ကျောင်းမှာပဲဖြစ်ဖြစ် တစ်နာရီလေးတော့ ဝိပဿနာတရားလေး အားထုတ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ကျွန်မကတော့ ဒီအခွင့်အရေးရလို့ အရမ်းကံကောင်းတာပဲလို့ ပြောခြင်းဖြစ်ပါတယ်။ ဂျာကုန်းကျောင်းထိုင်ဆရာတော်ကြီးက သဘောကောင်းပြီး တရားပေးတဲ့ဆရာတော်ရဲ့ မျက်နှာတော်ကလည်း တည်ငြိမ်နေတာမို့ ကျွန်မအတွက်တော့ တန်ဖိုးမဖြတ်နိုင် တဲ့ တရားတွေကို ကျင့်ကြံအားထုတ်ခွင့်ရခဲ့တယ်။

အန်တီမြက ကျွန်မကိုစက်ချုပ်လည်း သင်ပေးတယ်။ အန်တီမြရဲ့ခင်ပွန်း ဦးကျော်ကခြံစိုက်တယ်။ ငရုတ်၊ ဆူးပုတ်၊ ခရမ်း အစုံစုံပါပဲ။ ကျွန်မတို့ဆေးခန်းရဲ့ အနောက်ဘက်နားမှာ ဦးကျော်စိုက်ခင်းရှိတယ်။ ကျွန်မကို Free ပေးထားတယ်။ စားချင်တာဝင်ခူးစားတဲ့။ ကျွန်မစားချင်ရင် အန်တီမြတို့ခြံထဲကို ပြေးဆင်းလိုက်တာပဲ။ ကဲ ဘယ်လောက်တောင် ပျော်စရာကောင်းလိုက်လဲနော်။ ကျွန်မတို့အိမ်နီးနားချင်း အဒေါ်ကြီးတွေကလည်း သူတို့ဘာချက်ချက် လာပို့ကြတော့ ကျွန်မလည်း ကျွန်မဘာချက်ချက် ပြန်ကျွေးချင်ခဲ့တာ။ စေတနာမေတ္တာဆိုတာ အလျားအနံမရှိပေမဲ့ အသွားအပြန်တော့ရှိ ရှိတာကိုး။

ကျွန်မရဲ့ မမကတော့ ကျွန်မနဲ့ ၂ ရက်နေပြီး ပြန်သွားခဲ့ပါတယ်။ မမပြန်ခင် မသင်းသင်းမော်က ရွှေဘုံသာဘုရားရယ်၊ ပြည်မြို့က ရွှေဆံတော်ဘုရားရယ် လိုက်ပို့ပေးပြီး ကားလက်မှတ်လည်းဖြတ်ပေးခဲ့ပါတယ်။ အခုတော့ ကျွန်မမှာ လူတွေကိုကြောက်စိတ်လည်း တစ်စတစ်စ လျော့နည်းလာခဲ့ပါပြီ။ ဘယ်ဝန်ထမ်းမဆို အလုပ်စဝင်ဝင်ချင်းမှာ Stress စိတ်ဖိစီးမှုဆိုတာ ရှိတတ်စမြဲပဲလေ။ ကျွန်မအတွက်တော့ စိတ်ဖိစီးမှုဆိုတာ ဘာလဲလို့ ပြန်မေးရမလိုဖြစ်နေပြီ။ ဘာလို့လဲဆိုတော့ နွေးထွေးပြီး သဘောကောင်းတဲ့ ဝန်ထမ်းမိသားစုလေးတွေက ကျွန်မကို နွေးနွေးထွေးထွေးကြိုဆိုခဲ့ကြလို့ပါပဲ။ ကျွန်မသာ ဒီ ဒေသလေးလို သဘောကောင်းတဲ့ရွာလေးကို တာဝန်မကျခဲ့လျှင် စိတ်ဖိစီးမှုအရမ်းများမှာပါ။

ကျွန်မရဲ့ အစ်ကိုလေးကျောင်းဆရာမှာလိုက်တာက

'အခုမှ လူ့ဘဝရဲ့ခြေလှမ်းကို စချရမှာ။ လူတွေက အမျိုးမျိုးရှိတယ်။ ဘာပဲဖြစ်ဖြစ် အဆင်ပြေအောင်နေတဲ့'

အစ်ကိုလေး အဲဒီလိုဆုံးမတုန်းက ကျွန်မ သဘောမကောင်းတဲ့လူတွေနဲ့တွေ့မှာ အရမ်းကြောက်မိပေမဲ့ အခုကျွန်မ မကြောက်တော့ဘူး။ ကျွန်မက စိတ်ကောင်းပြီး သဘောကောင်းတဲ့ဒေသကို ရောက်ခဲ့လို့လေ။ ကျွန်မဘဝရဲ့ ခြေလှမ်းအစက ကံကောင်းခဲ့ပါတယ်။ ဌာနတွေတိုင်းမှာ အသစ်ရောက်လာတဲ့ဝန်ထမ်းတိုင်းကို နွေးထွေးစွာဆက်ဆံစေချင်ပါတယ်။ စကားချိုချိုနဲ့ ဖော်ရွေတဲ့အပြုံးလေးတွေကိုလည်း လက်ဆင့်ကမ်းစေလိုပါတယ်။ ကျွန်မကတော့ စိတ်ထားကောင်းတဲ့လူတွေကြောင့် အဆင်ပြေပြေချောချောမောမောနဲ့ နေရထိုင်ရတာ သက်တောင့်သက်သာရှိခဲ့သလို ဒီကမ္ဘာလောကကြီးက လူသားတွေအားလုံး ဆင်တဲရွာကလူတွေလိုဖော်ရွေပြီး နွေးနွေးထွေးထွေးဆက်ဆံမယ်ဆိုလျှင် ကမ္ဘာလောကကြီးတစ်ခုလုံးဟာ သာယာလာပါလိမ့်မယ်လို့ ယုံတယ်။

'ချိုသာသောစကား၊ ဖော်ရွေသော အပြုံးတို့သည် ရိုင်းစိုင်းနေသောစိတ်ရိုင်းများကိုတောင် အနိုင်ရပါလိမ့်မည်' ဟု တင်ပြရင်း -----

အမှတ် (၁၆) စက်ရုံမှ ဝန်ထမ်းများ၊ ရွာသူရွာသားများနှင့် ဆေးပေးခန်းမှ ဆရာ၊ ဆရာမများအား အစဉ်လေးစားလျက်။

**မြသူဇာ (သူနာပြု)**
**ဆင်တဲဆေးပေးခန်း**

*The Golden Industrial Journal*

**အတိုင်ပင်ခံအယ်ဒီတာ**
ဒေါ်ခင်မာရီ
**အယ်ဒီတာချုပ်**
ဦးအောင်စိုးရ
**အယ်ဒီတာ**
ဦးခင်မောင်သိန်း
ဦးအောင်မျိုးခိုင်
ဦးသောင်းဦး
ဦးကျော်လှိုင်

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဒေါ်သစ်သစ်အောင်
**ကွန်ပျူတာစာစီ**
ဒေါ်နှင်းသီတာ
**ထုတ်ဝေသူ**
ဦးအောင်စိုးရ
မှတ်ပုံတင်အမှတ်–၀၄၆၅၉

**ဖြန့်ချိရေး**
စက်မှုဝန်ကြီးဌာန
**ပုံနှိပ်တိုက်**
ရွှေနိုင်ငံ
**စောင်ရေ**
၆၈၇၀
**တန်ဖိုး**
၂၀၀ ကျပ်

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်။
ဖုန်း – ၀၆၇ – ၄၀၅၀၅၁
E-mail
shwesethmu@gmail.com

# ရတုအဆက်ဆက် ကမ္ဘာတည်စေ

၆၆ နှစ်ဟူသောအရွယ်က မြန်မာလူမျိုးတို့အတွက် တတိယအရွယ်၊ အငြိမ်းစားလွန်အရွယ်၊ အဘိုး၊ အဘ၊ အဘွား ခေါ်ရမည့်အရွယ်။

သို့သော် ကျွန်တော့မိခင်ကြီးကား ၆၆ နှစ်ပြည့်ခါနီးမှ ပို၍နုပျို လှပ၊ သစ်လွင်နေပါသည်ဟုဆိုပါလျှင် မယုံမဖြစ်ပါလေနှင့်။

ဘဝလည်ပြန်ကြည့်လျှင် အရွယ်နှင့်မမျှအောင် တစ်ချိန်ကမိခင်ကြီးကြုံတွေ့ခံစားခဲ့ရသည်များက ရင်တဖိုဖို၊ သည်းတထိတ်ထိတ်၊ ယိုင်နဲ့ပြိုလဲသွားနိုင်သည့် အခြေအနေဆိုး၊ ဖြစ်ရပ်ဆိုးများကြားက ဒီသား၊ ဒီသမီးတွေအားနှင့် အမေအားယူနိုင်ခဲ့သည်ချည်းသာဖြစ်၏။

လောကဓမ္မတာမလွန်ဆန်နိုင်သည်မို့လည်း သားဆိုးလည်းတွေ့၊ သမီးဆိုးလည်းကြုံ၊ ဉာတကာမိတ်ဆွေရင်း၊ မိတ်ဆွေတုများအကြား၊ ထူးထွေဆန်းပြားသည့် သဘာဝဘေးဒဏ်များအကြား လက်မြှောက်အရှုံးမပေး နှလုံးအေးအေးနှင့် လူးလွန့်ရှင်သန်ရင်း သားတွေမြစ်တွေမက အတိ-အတေကမ္ဘာကုန်တိုင်အောင် အမေ့ဖွဲ့မာန်ဟုန်ကတော့ ဩချလောက်ပါ၏။ အသွင်လည်းလှ အဆင်းလဲပြည့်သောအမေက သူ့သားတွေ သမီးတွေကိုလည်း အမွေခံကောင်းတွေပေးဝေမျှနေလေတော့ ကျွန်တော်တို့ အမေဆယ်သက်ဆယ်ကမ္ဘာ. . . . . အသက်ရှည်ပါစေရယ်လို့ အမေ့သား ကျွန်တော်ထပ်ခါတလဲလဲဆုတောင်းမေတ္တာမှမပြုလျှင် အဘယ်သူကပြုပါမည်နည်း။

နွေးထွေးတဲ့ရင်ခွင်မှာ ပူပင်ကြောင့်ကျမှုကင်းကင်းနဲ့ ရှင်သန်ခွင့်ပြုတဲ့အမေ့ကိုဘယ်လိုကျေးဇူးတုန့်ပြန်ရမယ်လို့ မဝေခွဲတတ်ပေမယ့် သားတွေသမီးတွေဆီကဘယ်လိုတုန့်ပြန်မှုကိုမှ အမေမျှော်လင့်မှာမဟုတ်ဘူးဆိုတာတော့ ကျွန်တော်ယုံသည်။ သားတွေသမီးတွေ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြတယ်ဆိုရင် ပြုံးပြုံးလေးနှင့်အမေပီတိ ဖြစ်နေမှာတော့ သေချာပါသည်။ အမေစိတ်ချမ်းသာကိုယ်ကျန်းမာနှင့် တစ်နှစ်ထက်တစ်နှစ် အရွယ်တင်နုပျိုလာရခြင်း၏ လျှို့ဝှက်ချက်ကတော့ ထူးထွေရှာရမည်မဟုတ်။



တိုက်ဆိုင်စွာပင် မိခင်ကြီး ၆၆ နှစ်ပြည့်ခါနီးမှ ၂၇ ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် ကြီးကျယ်ခမ်းနားစွာ လက်ခံကျင်းပနေခြင်း၊ တစ်နိုင်ငံလုံး အုတ်အုတ်ကျက်ကျက်အားကစားပြိုင်ပွဲကြီး ကျင်းပနေခြင်း၊ သားတွေ သမီးတွေ မြေးတွေ မြစ်တွေကလည်း ရွှေဆုတွေတစ်ပွေ့တစ်ပိုက်နှင့် အောင်မြင်မှုတွေရနေခြင်းများကို အမေမျက်ဝါးထင်ထင် မြင်တွေ့ခံစားနေရခြင်းကပင်လျှင် အမေ့အတွက်ထပ်လောင်းအားသစ်တွေ တိုးပွားလာစေမည်ကတော့ အသေအချာပင်။

သားတွေ သမီးတွေထံမှ မည်သို့သောတုံ့ပြန်မှုမျိုးကိုမှ အမေမမျှော်လင့်ပေမဲ့ ကြီးမားသည့်အမေ့ကျေးဇူးကိုတော့ ကျွန်တော်တို့ဆပ်ရပေလိမ့်မည်။ ရိုးရှင်းစွာတွေးမိသည်ကား အမေအသက်ရှည်ရာ အနာမဲ့ကြောင်း ဆုတောင်းမေတ္တာပို့ရုံမျှသာမဟုတ်။ ကျွန်တော်တို့သားချင်းတွေအချင်းချင်း ချစ်ခင်ရမည်၊ စည်းလုံးရမည်၊ ညီညွတ်ရမည်၊ ယဉ်ကျေးလိမ္မာကြရမည်၊ ထူးချွန်ထက်မြက်ကြရမည်။ ဤမျှနှင့်ပင် အမေကျေနပ်ပေလိမ့်မည်။

အမေကား လောဘမကြီးသောအမေ၊ နားလည်ပေးစွမ်းနိုင်သောအမေ၊ စာနာထောက်ထား သနားကြင်နာတတ်သောအမေ၊ ကိုယ့်အားကိုယ်ကိုး ဖွဲ့မာန်ထက်သန်သောအမေ၊ ရင်သွေးငယ်များအတွက် ဇာမဏီသွေး မအေးသောအမေ၊ ရိုးသားဖြူစင်မြင့်မြတ်သော မြန်မာပီသသောအမေပါတကား။ အမေကောင်းတစ်ယောက် ပိုင်

# လွတ်လပ်ရေးနေ့ တို့မမေ့ဖို့




ယနေ့ဆိုလျှင် မြန်ပြည်ခွင်မှာ
ပေါ်လွင်ထင်ရှား လွတ်လပ်သွားရာ
ဇန်နဝါရီလေး ထောင့်ကိုးရာလေးဆယ့်ရှစ်
စိစစ်ရေပြစ် နှစ်ခြောက်ဆယ့်ခြောက်
ရှယ်အိုရောက်လည်း နောက်ကြောင်းမဲ့ပစ်
မလစ်သတိ မြဲရှိရှင်သန်နေရမည်...။

မလွတ်မလပ် ကြုံလတ်ဒုက္ခ
ဖြစ်ခဲ့ကြကို တို့ကလေ့လာ
သိရှိပါအပ် လွတ်လပ်ရေးနေ့
တို့မမေ့ဖို့ တမြည့်မြည့်တမ်း
အတိတ်ခန်းကို မှန်းဆသတိ
အားလုံးသိရ တို့၏လွတ်လပ်ရေး
ခိုင်မာမြဲရန် လက်တွဲညီညွတ်
မပြတ်စည်းရုံး ကြိုးကျစ်ထုံးသို့
နှလုံးအသဲ ရင်မှာစွဲပြီး
အမြဲကျစ်လစ် အမျိုးချစ်စိတ်
ရင်မှာဖိတ်၍ တွဲချိတ်လက်များမြဲရမည်...။

တို့ဘိုးဘွားသွေး နီစွေးစွေးနှင့်
သွေးရေချောင်းတမျှ စီးဆင်းကြသော
ဘဝပေးဆပ် လွတ်လပ်ရေးတွက်
ရဲရဲဝံ့ဝံ့ နောက်မတုန့်ဘဲ
ခွန့်စားလာရ ကြမ်းတမ်းခွကို
ရင်မှာသို့ထား သိတရားနှင့်
တို့များတွဲလက် မြဲဆက်မဖြုတ်
နောက်မဆုတ်တမ်း ကျားကုတ်ကျားခဲ
အားမာန်ဖွဲ့နှင့် အမြဲထိန်းသိမ်း
မယိုင်ယိမ်းဘဲ အေးငြိမ်းလျှောက်လှမ်းနိုင်ပါစေ...။

ဆိုင်ရရှိထားပြီးသော ကျွန်တော်တို့သားသမီးများ အမေမပျောက်အောင်တော့ လုံ့လပြုသင့်ပါသည်၊ လုံ့လပြုအပ်ပါသည်ဟုဆိုလျှင်. . . . .။

(အမိမြန်မာပြည်ကြီး၏ ၆၆ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုရေးဖွဲ့ပါသည်။)

ကျော်ထက်

# ကျွန်ုပ်တို့သည် ပြည်သူ၏အခွန်အတုတ်များမှ လစာစားနေကြသည့် ပြည်သူ့ဝန်ထမ်း (Public Servant) များဖြစ်သည်ကို အမြဲမမေ့အပ်ပါ။

## စက်မှုဝန်ကြီးဌာန စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက္ကူစက်ရုံ (စစ်တောင်း) မှအသုံးမလိုပိုလျှံ ဓာတုဗေဒပစ္စည်း ၃၅ မျိုး၊ စက်ဆီ/ချောဆီ ၁၄ မျိုး၊ အထွေထွေပစ္စည်း ၁၁၄ မျိုး၊ လျှပ်စစ်ပစ္စည်း ၈၈၀ မျိုး၊ မော်တော်ယာဉ်ပစ္စည်း ၁၅၆၈ မျိုး၊ စက်မှုစက်အရန်ပစ္စည်း ၂၆၅၃ မျိုး၊ စုစုပေါင်း ၅၂၆၄ မျိုးတို့အား အောက်ဖော် ပြပါအတိုင်း အိတ်ဖွင့်တင်ဒါရောင်းချမည်ဖြစ်ပါသည်-

၁။ တင်ဒါစည်းကမ်းချက်နှင့်လျှောက်လွှာပုံစံ ရောင်းချမည့်နေ့ရက်၊ အချိန်၊ နေရာ - (၃၀. ၁၂. ၂၀၁၃) ရက် (၀၉း၃၀) နာရီမှ (၁၆း၀၀) နာရီထိ ရုံးအမှတ် (၄၁) စက္ကူနှင့်အိမ်သုံး ပစ္စည်းလုပ်ငန်း (ရုံးချုပ်)၊ စီမံခန့်ခွဲရေးဌာန၊ နေပြည်တော်။

၂။ တင်ဒါတင်သွင်းရမည့် နေ့ရက် - (၃. ၁. ၂၀၁၄) ရက်
အချိန်၊ နေရာ - (၀၉း၃၀) နာရီမှ (၁၅း၀၀) နာရီထိ ဒုတိယဝန်ကြီး (၁) ရုံးခန်း၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်။

၃။ တင်ဒါပိတ်မည့်နေ့ရက်၊ အချိန် - (၃. ၁. ၂၀၁၄) ရက် (၁၅း၀၀) နာရီ

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၆၇ - ၄၀၈၃၈၉၊ ၀၆၇ - ၄၀၈၄၂၀၊ ၀၆၇ - ၄၀၈၂၀၆ တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

## သဘော်တင်ပစ္စည်းများစစ်ဆေးရန် ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကုန်တင်ယာဉ်ဘီးဝင်ရိုးထုတ်လုပ်မှုစီမံကိန်းအတွက် တင်ပို့မည့်စက်ပစ္စည်းများ သဘော်မတင်မီစစ်ဆေးနိုင်ရန် အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးကံချွန်၊ ဒုတိယအထွေထွေမန်နေဂျာ ဦးခင်မောင်စိန်နှင့် လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်ကျော်ဝင်းတို့သည် ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၁၅ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ကြကြောင်း သိရသည်။

RESOURCES ARE LIMITED
CREATIVITY IS UNLIMITED

## စက်မှုဝန်ကြီးဌာနမှ ချမှတ်ထားသည့် စက်မှုကဏ္ဍဆိုင်ရာမူဝါဒ

(၁) ခေတ်မီစိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာအခြေခံစက်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်တန်ဖိုးမြှင့်ထုတ်လုပ်သည့်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တိုးတက်စေရေးနှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ရေး။

(၂) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ထုတ်ကုန်များ တိုးမြှင့်ရန်အတွက်ဆောင်ရွက်ရေး။

(၃) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကဏ္ဍပိုမိုမြှင့်တင်ရေးကို ဦးစားပေးပြီး၊ နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရေး။

(၄) ပြည်တွင်းရှိသယံဇာတ ကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရေး။

### ရည်မှန်းချက်

(၁) ခေတ်မီစိုက်ပျိုးရေးကိုအခြေခံသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြိုးပမ်းရမည်။

(၂) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရှိစေရန်အတွက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ၎င်းမှတစ်ဆင့် လိုအပ်မည့် အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရမည်။

## ဓာတုပစ္စည်းစီမံခန့်ခွဲမှုဖိုရမ်သို့ တက်ရောက်

ဆွီဒင်နိုင်ငံ၊ ဆွီဒင်ဓာတုပစ္စည်းအေဂျင်စီ (KEMI) အဖွဲ့နှင့် ကမ္ဘောဒီး ယားနိုင်ငံ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (Ministry of Environment) တို့ ပူးပေါင်းကြီးမှူး၍ ကမ္ဘောဒီးယားနိုင်ငံ၌ ဒီဇင်ဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့ အထိပြုလုပ်သော သတ္တမအကြိမ်မြောက်ဒေသတွင်း ဓာတုပစ္စည်းစီမံခန့်ခွဲမှုဖိုရမ်သို့ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဒေါက်တာအောင်မြင့်၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ပပစိုး တို့တက်ရောက်ကြသည်။ ၎င်းတို့နှင့်အတူ သတ္တုတွင်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများလည်းအတူ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

## (၄၃) နှစ်မြောက် စက်ရုံနှစ်ပတ်လည်နေ့ကျင်းပ




အမှတ် (၁၂) အကြီးစားစက်ရုံ (ကြံခင်း) ၏ (၄၃) နှစ်မြောက်စက်ရုံနှစ်ပတ်လည်နေ့အခမ်းအနားကို ဒီဇင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းက စက်ရုံခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပင့်သံဃာ ၅ ပါးအားပင့်ဖိတ်၍ အရှင်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၌ အခြေခံပညာအတန်းအဆင့်ဆင့်တွင် ထူးချွန်စွာအောင်မြင်ခဲ့သူများ၊ ဌာနတွင်းနှင့် ဌာနပြင်ပသင်တန်းအသီးသီး၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ဆုချီးမြှင့်ပေးအပ်ခဲ့ရာ ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ၆ ဘာသာဂုဏ်ထူးရှင် မကျော့ကေသွယ်အား စက်ရုံအထွေထွေမန်နေဂျာက ရွှေစင်အစစ်ငါးမူးသားရွှေတံဆိပ်ကို ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး (ပုံ) ကျန်ဂုဏ်ထူးရထူးချွန်ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့အပြင် စက်ရုံနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် စက်ရုံဝန်ထမ်းများအား တူညီဝတ်စုံများ ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။

## သီးသန့်အရန်မီးသတ်သင်တန်းဖွင့်




သီးသန့်အရန်မီးသတ်သင်တန်းဖွင့်ပွဲကို အမှတ် (၁၂) အကြီးစားစက်ရုံ (ထုံးဘို) ၌ ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက်ကကျင်းပပြုလုပ်ခဲ့ရာ ပြည်ခရိုင် မီးသတ်ဦးစီးမှူးနှင့် ပန်းတောင်းမြို့နယ်မီးသတ်ဦးစီးမှူးတို့က ဖွင့်လှစ်ပေးပြီး စက်ရုံအထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။ အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁၈ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး စက်ရုံမှသင်တန်းသား ၃၅ ဦးတက်ရောက်သင်ကြားခဲ့ကြောင်းသိရသည်။

**KS**

**QUALITY IS A**

**NEVER ENDING JOURNEY**






## JANUARY

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

## FEBRUARY

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | |

## MARCH

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | 31 | | | | | |

## APRIL

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | | | |

## MAY

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | 31 |

## JUNE

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | | | | | |

## JULY

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | 31 | | |

## AUGUST

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |
| 31 | | | | | | |

## SEPTEMBER

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | | | | |

## OCTOBER

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

## NOVEMBER

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | | | | | | |

## DECEMBER

| S | M | T | W | T | F | S |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |